
အချစ်ဆုံး မင်းမရှိရင်

# အခန်း (၁)

"ဟာ ... သေကုန်တော့မှာပဲ"

သူ့ ကားခေါင်းကို ကန့်လန့်ဖြတ်၍ လွှားခနဲ ဖြတ်ကျော်သွားသော မြင်းစီးသမား တစ်ဦး၏ ရမ်းကားသော အပြုအမူ ကြောင့် ပိုင်ဦးသွင်သည် သည်းထိတ်ရင်ဖို ဖြစ်သွားခဲ့ရသည်။

ကျောက်ခင်း လမ်းကလေးပေါ်တွင် ပြေးနေသော သူ့ကားကလေးသည်လည်း မဟားတရား ကိုးရိုးကားရား ဖြစ်သွား ရ၏ ။

ပိုင်ဦးသွင် ထောင်းခနဲ ဒေါသ ထွက်သွားရသည်။

ကားကို ဆောင့်ရပ်လိုက်ပြီး မြင်းစီးသမား နောက်သို့ အားသွန်၍ ပြေးလိုက်ခဲ့မိသည်။

သို့သော် ...

မြင်းစီးသမားက လျင်လွန်း မြန်လွန်းလှသူ ဖြစ်သည်။

လှစ်ခနဲသာ တစ်ချက် တွေ့လိုက်ရပြီး ထူထဲသော သစ်တောအုပ်ကြီးထဲတွင် ပျောက်ကွယ်သွားပါတော့သည်။

"တောက် ... ကျူးကျူး ကျော်ကျော် ဒီကောင် ဘာကောင်လဲ"

မကျေမချမ်း မချင့်မရဲစိတ်ဖြင့် ရေရွတ်ရင်း သူသည် ခြေလှမ်း ကျယ်ကြီးများဖြင့် ကားကလေးဆီသို့ ပြန်လာခဲ့၏ ။

"ဘကြီးဖြိုးတို့ကို မေးပြီး ဒီကောင်ကို ကောင်းကောင်းဆုံးမ ပေးရမယ် ... ဟင်း ..."

ပိုင်ဦးသွင်သည် ကားစက်ကို ဆောင့်ဆောင့်အောင့်အောင့်ကြီးနှိုး၍ ရိပ်ငြိမ်ဦးဆီသို့ လမ်းကလေးအတိုင်း ဆက်မောင်းနှင်ခဲ့၏ ။

အဆောင်အထပ်များ မြောက်မြားစွာဖြင့် ထည်ဝါခန့်ညားလှသော ရိပ်ငြိမ်ဦးကို လှပ သစ်လွင်သော ဆေးသား၊ စုံလင်များပြားလှသော သစ်ပင်ပန်းပင်တို့နှင့်တကွ လှပသော ရေပန်းကြီးကို တန်ဆာဆင်စွာဖြင့် တွေ့ရှိလိုက်ရသည်။ တစ်ခဏတွင် ပိုင်ဦးသွင်၏ ရင်ထဲ၌ စောစောက ဆူဝေနေသော ဒေါသစိတ်တို့သည် ချုပ်ငြိမ်း ပျောက်ပြယ်ကုန်ကြတော့၏ ။

ဟာ … ရိပ်ငြိမ်ဦး ဆိုတာက တယ်သာယာ အေးချမ်းတဲ့ ခြံဝင်းကြီးနဲ့အိမ်ကြီး တစ်ဆောင်ပါလား။ ကြည့်စမ်း ငါ လျစ်လျူရှုခဲ့တဲ့ နှစ်တွေ လတွေ ရက်တွေ သမြှော်စရာ ကောင်းလိုက်ပါဘိတော့။

ကျေနပ်ခြင်း၊ အားရခြင်း၊ ပီတိ သောမနဿ ဖြစ်ခြင်းတို့ဖြင့် ပိုင်ဦးသွင်သည် သူ့ကားကလေးကို ရိပ်ငြိမ်ဦး၏ ထည်ဝါ ကြီးမားလှသော ဆင်ဝင်အောက်တွင် စက်သတ်လိုက်သည်။

ကား ရပ်သံကြောင့် ထင်ရ၏ ။

အိမ်ကြီး၏ ပိတ်ထားသော သံပန်း တံခါးကြီးဆီသို့ အမျိုးသားကြီးတစ်ဦး ရောက်ရှိလာ၏ ။

"ဘကြီးဖြိုး နေကောင်းလား"

ပိုင်ဦးသွင်က အမျိုးသားကြီးကို ဂမ်းသာ လှိုက်လှဲစွာ နှုတ်ဆက်လိုက်သည်။

"ပိုင်ပိုင် … မင်း … မင်း ရောက်လာပြီ"

"အဟား … ဟား … ဟား ရောက်လာလို့ တွေ့နေရပြီပဲ ဘကြီးဖြိုးရဲ့၊ ဘကြီးဖြိုးကို ကြည့်ရတာ ကြောင်တောင်တောင်နဲ့ ဘာတွေဖြစ်နေတာလဲ ဟင်"

"ဟို … ဟိုဒင်းလေ"

"ဘကြီးဖြိုး တံခါးဖွင့်ပေးဦးလေ"

“ဟာ … ဟုတ်ပါရဲ့၊ ဘကြီးဖြိုးလဲ ဘာတွေ ဂယောင်ရိုက်နေမှန်း မသိတော့ပါဘူးကွယ်”

အမျိုးသားကြီးသည် ခတ်ထားသော သော့ခလောက်ကို ကတုန်ကယင်ဖြင့် ဖွင့်လိုက်သည်။

တံခါးနှစ်ချပ် ဟခနဲ ပွင့်သွားစဉ် ဂွီးခနဲ မြည်သံပြုသွားသော အရာဝတ္ထု တစ်ခုသည် ပိုင်ဦးသွင်၏ နားရွက်အနားမှ သီသီကလေး ဖြတ်သွားကာ ဆင်ဝင်အောက်တွင် သစ်လွင် ဝင့်ကြွားစွာဖြင့် ရပ်တန့်နေသော လင်ဆာကားကလေး၏ အမိုးကို ရက်စက်စွာ ထိမှန်သွားတော့သည်။

“ဒုန်း …”

“ဟာ …”

“ဟင် …”

ပိုင်ဦးသွင်သည် သူ့ ကားဆီသို့ ချာခနဲ လှည့်ပြီး ပြေးသွားလိုက်သည်။

အမိုးထိပ် အနည်းငယ် ချိုင့်သွား၏ ။

အောက်သို့ ငုံ့ကြည့်လိုက်တော့ အမိုးချိုင့်အောင် နှိပ်စက်သွားသော ချယ်ရီသား ဆေးလိပ်ခွက် တစ်ခွက်ကို တွေ့လိုက်ရသည်။

ဘကြီးဖြိုးသည် ဆေးလိပ်ခွက်ကို တုန်တုန်ယင်ယင်ဖြင့် ကောက်ယူပြီး ပိုင်ဦးသွင်၏ မျက်နှာကို အပြစ်ရှိနေသူ တစ်ဦးကဲ့သို့ ကြည့်လိုက်သည်။

“ဒါ ဘယ်သူ့ လက်ချက်လဲ၊ ဒီခြံထဲမှာ ဘယ်က ကလေကလွင့်တွေ ရောက်နေသလဲ ဟင် …”

“ခနကလဲ ကားခေါင်းပေါ် မြင်းနဲ့ ကျော်သွားတယ်၊ ခု ဆေးလိပ်ခွက်နဲ့ ပေါက်ပြန်ပြီ …

"ဒါတွေ ဘာတွေလဲ ဘကြီးဖြိုး၊ ဘာတွေလဲ ဟင်"

လက်သီးနှစ်ဘက် ဆုပ်ချည် ဖြန့်ချည်ဖြင့် မျက်နှာကြီးနီမြန်းစွာ ပိုင်ဦးသွင်က မေးလိုက်သည်။

"ဒါ မေသျှား ... မေသျှားပါ ပိုင်ပိုင်၊ မေသျှားက သိပ် ကြမ်း ... ကြမ်းတယ်၊ ဘယ်လိုမှ ဆုံးမလို့လဲ မရဘူး"

မေသျှား ... မေသျှား ။ သူက ဘယ်သူလဲ။

" သူက... "

"ဒုန်း ..."

"ဒိုင်း ..."

"ဟဲ့ .. ဟဲ့ ... မရောင်းချင်လဲ နေပါ။ ငါ့ မီးဖိုဆောင်ထဲက ပစ္စည်းတွေလဲ ကုန်တော့မှာပဲ၊ တော်ပါပြီ နင့်ကို နောက် ငါ ဘာမှ မပြောတော့ပါဘူး မေသျှားရဲ့"

"မပြောနဲ့ မပြောနဲ့ ၊ မကြားချင်ဘူး၊ မေသျှား ညိုမောင်းနဲ့ မိပဲကိုတော့ တစ်သက်လုံး ဘယ်တော့မှ မခွဲဘူး ... မခွဲဘူး"

"အေး... မခွဲနဲ့ မခွဲနဲ့၊ သူတို့နဲ့ သွားဖက်သေ"

"သေမှာပဲ ...သေမှာပဲ"

တဒုန်းဒုန်း ခြေဆောင့်၍ ပြောလိုက်သံ ...

ထိုအသံ လာရာဆီသို့ ပိုင်ဦးသွင်သည် လျှောက်ဝင်လာခဲ့သည်တွင် သူ့ကိုကျောပေး၍ ခါးထောက်ရပ်နေသော ဂျင်းဂျာကင်နှင့် မြင်းစီးဘောင်းဘီ ဝတ်ဆင်ထားသည့် ဆံတိုမလေးတစ်ဦးကို တွေ့ရ၏ ။

"တစ်ခါလဲလဲ ဒီပိုင်ဦးသွင်၊ တစ်ခါလာလဲ ပိုင်ဦးသွင်နဲ့ပဲ လှည့်ခြောက်လို့လဲ ဘယ်တော့မှ မဆုံးနိုင်တော့ဘူး ...

“သူပြန်လာတော့ကော ဘာဖြစ်သလဲ၊ ကိုယ်နေနေတဲ့ အိမ်ကို ဖယ်ပေးချင်မှ ဖြစ်တာ ...

“တစ်သက်လုံး နေလာတာ ခုအထိ အိုက်အိုက်ရဲ့ ပိုင်ဦးသွင်က ပေါ်လာလို့လား၊ ခုဆိုရင် သေနေပြီလားတောင် မသိဘူး ဟင်း ....”

“ဟင် ...”

ပိုင်ဦးသွင် တစ်ကိုယ်လုံး တွန့်ခနဲ ဖြစ်သွားသည်။

ရှူးရှူးရှားရှား အသွင်ဖြင့် ပိုင်ဦးသွင်သည် မေသျှား၏ နောက်တွင် သွားရပ်လိုက်သည်။

သည်တောမှပဲ ဒေါ်အိုက်ပူလည်း ပိုင်ဦးသွင်ကို တွေ့မြင်သွားပြီး လန့်ဖျပ်ကာ သူ့လက်ထဲက အိုးအဖုံးကြီး လွတ်ကျသွားတော့သည်။

“ချွမ်”

မေသျှားသည် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်တွင် သူနှင့် အနီးဆုံးနေရာတွင် ခါးနှစ်လက်ကို ထောက်၍ သူ့အား စားတော့မယောင် ဝါးတော့မယောင် ကြည့်နေသူကြီးကို တွေ့လိုက်ရသည်။

“အောင်မယ်လေး”

ဇက်ကလေးက ပုဝင်ပြီး လက်နှစ်ဖက်ကို ရင်တွင် ဖိကာ မေသျှားတစ်ယောက် မျက်လုံးအစုံကို တအား ပိတ်ထားလိုက်သည်။

“သူ ဘယ်သူကြီးလဲ”

ရင်တွေက တဒုန်းဒုန်း တဒိုင်းဒိုင်း ခုန်စွာဖြင့် မေသျှားတုန်လှုပ်နေမိ၏ ။

“ဟင် ... ငါ့ကိုမျှား သေပြီတဲ့၊ ငါ့အိမ်မှာနေပြီး ကျယ်တဲ့ ဟာမလေး၊ တောက် ... စိတ်ရှိလက်ရှိ ဆော်ထည့်လိုက်ရရင် သေတော့မှာပဲ”

"ပိုင်ပိုင် ... စိတ် ... စိတ် ... ကို ထိန်းပါ၊ ဘ ... ဘကြီးဖြိုး ရှင်းပြပါမယ်"

"ပိုင် ... ပိုင်ဦးသွင် ဆိုတာလား၊ ဟုတ် ... ဟုတ်ပါတယ်ကွယ်၊ အဖြစ်အပျက်တွေ အိုက်အိုက်တို့ ရှင်းပြတာ နားထောင်ပါဦး တူလေးရယ်၊ စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့..."

မေသျှားထံ လက်ရွယ်နေသော ပိုင်ဦးသွင်၏ ရှေ့တွင် ပုတက်တက် အရပ်ကလေးဖြင့် ဒေါ်အိုက်ပုက ဝင်ရပ်လိုက်၏ ။

"ဟင် ... ပိုင်ဦးသွင် ဆိုတာကြီးကိုး ..."

မေသျှားသည် ပိတ်ထားသော မျက်လုံးများကို အသာပြန်ဖွင့်၍ ကြည့်လိုက်သည်။

ပိုင်ဦးသွင်က သူ့ကို စူးစူးရဲရဲ ကြည့်နေဆဲပင်။

ဒေါသထွက်နေသည့် ကြားကပင် ပိုင်ဦးသွင်၏ မျက်နှာသည် ကြည့်၍ ကောင်းလှသည်ဟု မေသျှား ထင်မြင်မိသည်။

ဂျီကယူစပို့ရှပ် လက်စည်း အညိုရောင်နှင့် ဘောင်းဘီရှည် အနက်ရောင်ကို ဝတ်ဆင်ထားပြီး ဘယ်ဘက်လက်တွင် နာရီ၊ ညာဘက်လက်တွင် ရွှေဟင်းချိန်းကို ဝတ်ဆင်ထား၏ ။

ရှိုးက ကောင်းလှသလို ရုပ်ရည်ကလည်း ဖြောင့်လှသည်။ အသားအရေက မဖြူမညို။

နဖူးကျယ်ကျယ် ပေါ်တွင် လှိုင်းတွန့် ဆံပင်နက်နက်ကလေး အချို့က အိကျနေ၏ ။

နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူကြီးတွေနှင့် စူးရှနက်မှောင်သော မျက်လုံးအစုံ။ မထူမပါး တိရိပြတ်သားသော နှုတ်ခမ်းအစုံနှင့် ... ။

ဘယ်လို ကြည့်ကြည့် အလွန်ကြည့်ကောင်းလှသော

အမျိုးသားတစ်ယောက်။

*

"လာပါ ... ထိုင်ပါဦး လူကလေးရယ်"

အရပ် သုံးပေခွဲ လေးပေခန့်သာ ရှိမည့် ပုပု အိုင့်အိုင့် အဘွားကြီးသည် ပိုင်ဦးသွင် လက်ကို ဆွဲကာ ထမင်းစား စားပွဲဆီသို့ ခေါ်ဆောင်သွား၏ ။

ပိုင်ဦးသွင် မေသျှားကို ရှုတည်တည်ကြီးပြန်လည်ကြည့်ရင်းက ဒေါ်အိုက်ပု ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွား၏ ။

သူတို့နှစ်ဦးနောက်မှ ဘကြီးဖြိုးလည်း ကုပ်ချောင်း ကုပ်ချောင်းနှင့်လိုက်သွား၏ ။

"ကဲ ... ဆိုကြစမ်းပါဦး၊ ရိပ်ငြိမ်ဦးမှာ ဘာတွေ ဖြစ်နေတာလဲ၊ ဒီဒေါ်ဒေါ်နဲ့ ဟိုကောင်မလေးကကော ဘယ်လိုပတ်သက်နေလဲ ဘကြီးဖြိုး"

စားပွဲတွင် ထိုင်ပြီးသည်နှင့်တစ်ပြိုင်နက် ပိုင်ဦးသွင်က မေးလိုက်သည်။

မေသျှားသည် မီးဖိုဆောင်မှ ထမင်းစားခန်းသို့ အကူး တံခါးပေါက်အကွယ်တွင် ရပ်ကာ သူတို့၏ စကားအသွား အလာများကို နားထောင်နေလိုက်သည်။

"မေသျှား ... မေသျှားက မင်းအဖေရဲ့ သူငယ်ချင်း ဦးဘဂျမ်းရဲ့ သမီးပဲ ပိုင်ပိုင်၊ သူကတော့ မေသျှားရဲ့ အထိန်း တော် ဒေါ်အိုက်ပုပါ"

"ဟုတ်ပါပြီ၊ သူတို့က ဒီအမ်ကြီးမှာ ဘာလာလုပ်နေကြတာလဲ၊ ဒီအိမ်ကို သူတို့မှ မပိုင်တော့တာပဲ ဘကြီးဖြိုးရဲ့"

"မှန်ပါတယ် ပိုင်ပိုင်၊ ဒါပေမဲ့ လူလေး ဖေဖေက သူ့တို့ အဆင်မပြေမချင်း

ဒီအိမ်မှာ ဆက်နေခွင့် ပြုထားခဲ့ပါတယ်”

”ဟာဗျာ ဒီအိမ်ကို ဖေဖေလက်ပြောင်း ဝယ်ခဲ့တာပဲ နှစ်ပေင်း မနည်းတော့ဘူး၊ ခုအထိသူတို့က ပြောင်းဖို့ ရွှေ့ဖို့ မလုပ်ကြသေးဘူးဆိုတော့ လွန်တာပေ့ါ၊ ဆင်းမပေးချင်ကြလို့နဲ့ တူပါတယ်ဗျ”

ဘကြီးဖြိုးက ဒေါ်အိုက်ပု၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်သည်။

ဒေါ်အိုက်ပုမှာလဲ ပိုင်ဦးသွင်အတွက် ချက်ချင်းအဖြေမပေးနိုင်ဘဲ ဖြစ်နေ၏ ။

ထိုစဉ်တွင် မေသျှားသည် ထမင်းစား စားပွဲဆီသို့ ရုတ်ခနဲ ရောက်ရှိလာပြီး ခါးတွင် လက်တစ်ဘက်ကို ထောက်ကာ လက်တစ်ဘက်က စားပွဲပေါ်သို့ ထောက်ပြီး စူပုပ်မှုန်တေနေသော မျက်နှာကလေးဖြင့် ပိုင်ဦးသွင်၏ မျက်နှာကို မမိုတ်မသုန် ကြည့်လိုက်သည်။

“ဒီမှာ ရှင်ကြီးရဲ့၊ ကာယက ရှင်ကဟောဒီက မိသျှားပါ၊ ဘကြီးဖြိုးတို့ အိုက်အိုက်တို့ကို ဘာမှ မေးနေစရာ မလိုဘူး၊ ရိပ်ငြိမ်းဦးပေါ်က မဆင်းချင်လို့ကို မဆင်းတာ ဘာဖြစ်သလဲဟင်”

“ဘာကွ”

ပိုင်ဦးသွင်သည် ဝုန်းခနဲ ထရပ်လိုက်သည်။

“ဟဲ့ … မေသျှား…”

“ပိုင်ပိုင် လူလေး”

“ဟုတ်တယ်လေ၊ မဆင်းချင်လို့ကို မဆင်းတာ၊ ရှင်ကြီးက ဘာလုပ်ချင်သလဲ…

“ရိပ်ငြိမ်းဦးကို ရှင့်အဖေ ဝယ်ခဲ့တဲ့ ငွေက ခုကာလပေါက်ဈေးနဲ့စာရင် အကင်းပဲ ရှိတယ်သိလား …

"ခု ဘယ်လောက် တန်တယ် မှတ်သလဲ၊ သိန်းနှစ်ဆယ် သိန်းနှစ်ဆယ်ရှင့်"

လက်ဆယ်ချောင်းကို နှစ်ခါပြန်ထောင်ပြ၍ မေသျှားက ပြောလိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ၊ ဟိုတုန်းက ဟိုဈေး၊ ခုကခုဈေးပဲ၊ ဘာလဲ မင်းကို ငါက ထပ်အမ်းရဦးမှာလားကွဲ"

"အဟင်း ... ဟင်း ပြန်အမ်းလဲ ဒီက မေသျှားတို့က လက်မခံနိုင်ပေါင်၊ ဒီအိမ်ပေါ်က တစ်ရွေးသားမှ ဆင်းဖို့ စိတ်မကူးဘူးရှင့် ...

"ဒီအိမ် ရောင်းရတဲ့ငွေကို ရှင့်အဖေရဲ့ လုပ်ငန်းထဲမှာ မေသျှား အဖေက ထည့်ဝင်ခဲ့တာ၊ အရှုံးပေါ်တော့ ဖွတ်မရ ဓားမရ ဖြစ်ရတာ မေသျှားတို့ သားအဖ အကျိုးတူ စီးပွားဘက် လုပ်ကြတာလို့ ပြောခဲ့ကြတော့ ချမ်းသာလဲ အတူတူ ဆင်းရဲလဲ အတူတူပဲလို့ ခံယူတယ် ...

"ဒီ ခံယူချက်ကြောင့်ပဲ ဒီအိမ်ကြီးပေါ်က မဆင်းနိုင်တာပါတယ်၊ ရှင်ကြီး တိုင်ချင်ရာတက်တိုင်၊ မေသျှားတို့ကတော့ ဟင်ဆို ဆောရီးပဲ"

မေသျှားက မျက်နှာကလေးကို မော်ခနဲ့ တစ်ဘက်သို့ လွှဲဖယ်ထားပြီး မာန်အပြည့်ဖြင့် ပြောလိုက်သည်။

"ကြည့်ကြသေးတာပေါ့၊ ကောင်းကောင်း မဆင်းရင် ဆွဲချတာ မင်း ခံရမှာပေါ့ကွာ"

"ဘာပြောတယ် ဆွဲချမယ် ဟုတ်လား၊ ဟင်း ... ဆွဲချချင်ဦး ဆွဲချချင်ဦး"

"ဟာ..."

" ဟ...ဟ"

"ဟဲ ... ဟဲ ... မေသျှား အောင်မယ်လေး မေသျှားရယ် တော်ပါတော့"

ဒေါ်သအိုး ဝက်ဝက် ကွဲနေသော မေသျှားကတော့ စားပွဲပေါ်တွင် တွေ့တွေ့သမျှ ဆားဘူး၊ သွားကြားထိုးတံဘူး၊ ကော်ဖီအုပ်များဖြင့် ပိုင်ဦးသွင်ကို ပစ်ပေါက်နေ၏။

"ဟင် … အရိုင်းအစိုင်းမလေး"

ပိုင်ဦးသွင်သည် ကျားရိုင်းမကလေးလို ဖြစ်နေသော မေသျှားထံသို့ ရုတ်တရက် ရောက်ရှိလာပြီး သူကလေး၏ လက်ကောက်ဝတ် နှစ်ဘက်ကို နာနာကြီး ချုပ်ကိုင်ကာ ဆောင့်တွန်းပစ်လိုက်သည်။

"အမေ့…"

မေသျှားတစ်ယောက်ကြမ်းပေါ်သို့ မရှူမလှ ကျသွားသဖြင့် တင်ပါးတစ်ဘက် အထိနာကာ အတော် အီဆိမ့်သွား၏။ "လူလေး … လူလေး"

ဘကြီးဖြိုးက ပိုင်ဦးသွင်၏ လက်တစ်ဘက်ကို ဆွဲထားလိုက်သည်။

ဒေါ်အိုက်ပုကတော့ မျက်နှာလေး ရှုံ့၍ တင်ပါးကို ပွတ်ရင်း မျက်ရည်ပြည့်လျှံလာသော မျက်လုံးရွဲကြီးများဖြင့် ပိုင်ဦးသွင်ကို မော်ကြည့်နေသော မေသျှားအနီးသို့ ရောက်ရှိလာကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

"မေသျှားရယ်၊ စောစောကတည်းက အိုက်အိုက် စကားကို နားထောင်လိုက်ရင် ပြီးရော …

"တစ်နေ့နေ့ ဒီလို ပြဿနာတွေ တက်လာမယ်ဆိုတာ သိလို့ သမီးလေးကို အိုက်အိုက် အတန်တန် ပြောနေတာ …

"ခုတော့ ဖြစ်ကြပြီ မဟုတ်လားဟင်"

မေသျှားသည် လှပသော သူ့နှုတ်ခမ်းသားကလေးကို ပြွတ်လုမတတ် ကိုက်ပြီး နာကြည်း မုန်းတီးလှဟန်ဖြင့် ပိုင်ဦးသွင်ကို တစ်ချက်ကြည့်ပြီး နောက်နေရာမှ ထကာ တစ်ဟုန်ထိုး နောက်ဖေးပေါက်ဆီသို့

ထွက်ပြေးပျောက်ကွယ်သွား တော့သည်။

“မေသျှား… မေသျှား”

အရပ်ကလေး ပုတက်ပုတက်ဖြင့် ဒေါ်အိုက်ပုသည် မေသျှား၏ အမည်ကို တကြော်ကြော် ခေါ်ရင်း နောက်က လိုက်သွားတော့၏ ။

“ဟူး …”

စိတ်မော လူမောလှဟန်ဖြင့် ပိုင်ဦးသွင်သည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး သူ့ဆံပင်များကြားထဲသို့ လက်ချောင်းများကို ထိုးထည့်၍ ဆုပ်ကိုင်ထားနေ၏ ။

“ပိုင်ပိုင်ရယ် မေသျှားက ရိပ်ငြိမ်းဦးကို သိပ်သံယောဇဉ်ကြီးနေတဲ့ ကလေးတစ်ယောက်ပါ၊ သူ့အဖေလဲ့ အိမ်ကို ရောင်းပြီးကတည်းက ဆင်းသွားကြဖို့ သူ့သမီးကလေးကို အတန်တန်ပြောခဲ့ပါတယ်၊ ဒါပေမယ့် မေသျှားကို ပြောမရခဲ့ဘူး …

“ဖျောင်းဖျရင်း ကြားကပဲ စီးပွားပျက်တဲ့ စိတ်ဝေဒနာနဲ့ ဦးဘဂျမ်း ဆုံးခဲ့ရပါတယ် ပိုင်ပိုင် …”

“အဖေလဲဆုံး၊ စီးပွားလဲပျက် ဖြစ်သွားရရှာတဲ့ သောင်ပြင်အလွတ်ခံရသလို ဖြစ်နေတဲ့ ဒီကလေးကို ဘကြီးဖြိုးကော မအိုက်ကရော သနားကြလွန်းလို့ မင်းရောက်လာတဲ့ တစ်နေ့ကျမှပဲ အကျိုးအကြောင်း မင်းကို ဘကြီးဖြိုး မပြောနိုင်ခဲ့တာပေ့ါ”

“အင်း … ဟုတ်ပါတယ်လေ၊ ကျွန်တော် နိုင်ငံခြားမှာ ရှိနေတုန်း ဖေဖေကလဲ ဆုံး၊ ပြန်လာတော့လဲ တာဝန်နဲ့ နယ်ပြောင်းဆိုတော့ တစ်ဦးနဲ့ တစ်ဦး အဆက်ပြတ်ကုန်တာပေ့ါ …

“အင်းလေ … ခု ကျွန်တော် ရောက်လာပြီပဲ၊ ဒီကောင်မလေးအတွက်

တစ်ခုခုတော့ စဉ်းစားပြီး စီစဉ်ပေးရတော့မှာ ပေါ့”

“မေသျှားကို ရိပ်ငြိမ်းဦးမှာ နေခွင့်မပြုနိုင်ဘူးလား ပိုင်ပိုင်ရယ်”

“ဟာ … ဘယ်ဖြစ်မလဲ ဘကြီးဖြိုးရဲ့၊ ဒီကောင်မလေးက အထိန်းအကွပ် မရှိတဲ့ အရိုင်းအစိုင်းမလေး …

“ပြီးတော့ ကျွန်တော်က အိမ်ထောင်ပြုချင် ပြုမှာ၊ သူ့ကို ကျွန်တော့် အိမ်မှာ ခေါ်ထားလို့ ဘယ်သင့်ပါမလဲ”

“မေသျှား အသက်က ခုမှ ဆယ့်ခုနှစ်နှစ်သာသာကလေးပဲ ရှိပါသေးတယ်၊ ကလေးပါ ပိုင်ပိုင် …

“အလိုလိုက် အကြိုက်ဆောင်ထားလို့ မေသျှား ရိုင်းသလို ဖြစ်နေပေမယ့် အင်မတန် အကြင်နာတရား ရှိပြီး စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါ …

“ဒီရိပ်ငြိမ်းဦးကြီး အသွေးအရောင် မမှိန်ဘဲ အမြဲတမ်း လှပပြီး ကျက်သရေ ရှိနေတာ မေသျှားရဲ့ ကျေးဇူးကြောင့်ပဲ ပိုင်ပိုင်”

“ဘယ်လို … ဘယ်လို …”

ထူထဲသော မျက်ခုံးတစ်ဘက်ကို ပင့်၍ ပိုင်ဦးသွင်က ဦးဘဖြိုးကို ကြည့်လိုက်သည်။

“မင်းဆီက ဘကြီးကို တစ်လ တစ်ရာ့ငါးဆယ် ထုတ်သုံးခွင့် ပြုထားတဲ့ ငွေဟာ ဒီအိမ်ကြီး ဒီအခြေအနေမျိုးဖြစ်အောင် ဘယ်ဖန်တီးထားနိုင်မလဲ ပိုင်ပိုင် …

“မေသျှားက သူ့လက်ဝတ်လက်စားလေးတွေ ရောင်းပြီး နို့စား နွားမတွေမွေး၊ သစ်ပင် ပန်းပင်တွေ စိုက်ပြီး ရတဲ့ ငွေနဲ့ ပြုစုပျိုးထောင်လာခဲ့တာကွယ့်”

“ဟင် … ဟုတ်သားပဲ၊ ဒါကို ငါ့မတွေးမိခဲ့ပါလား”

ပိုင်ဦးသွင် ငိုင်ဆင်းသွား၏။

အကွက်ကောင်း ဆိုက်လာပြီမို့ ဦးဘဖြိုးကြီးကလဲ သူ့ပြောချင်သည့် စကားများကို ဖိပြောလာ၏။

“ဦးဘဂျမ်းကလဲ သူ့အသက်မထွက်ခင် မှာခဲ့ပါတယ်၊ သူ့မျက်ကွယ် ပြုသွားရင် ပိုင်ဦးသွင်ကို ပြောပါတဲ့၊ သူ့သမီးကလေးကို ပစ်ပစ်ခါခါ မလုပ်ပါနဲ့တဲ့ …

“ဘကြီးဖြိုးတို့ကလဲ စဉ်းစားကြည့်မိကြပါတယ်၊ မိဘချင်း အင်မတန် ခင်မင်ကြဖူးသူတွေ ဆိုတော့ ကလေးတွေလဲ တစ်ယောက်ကိုတစ်ယောက် သိပ်ပစ်ပစ်ခါခါ လုပ်ကြလိမ့်မယ် မဟုတ်ဘူးလို့ …

“ရိပ်ငြိမ်းဦးက မိသားစု သုံးလေးဦးတောင် နေနိုင်တဲ့ အိမ်ကြီး တစ်ဆောင်ပါ ပိုင်ပိုင်၊ ခြံဧက ကလဲ ဆယ်ဧကလောက် ကျယ်ပါတယ် …

“မေသျှားဟာ သူ့ကို နောက်ဖေးဘက် အဆောင်တစ်ခု ပေးထားရင်တောင် သိပ်ကျေနပ်မယ့် ကလေးပါ…

“ပြီးတော့ … မအိုက် ဆိုတာကလဲ အသက်က မငယ်ရှာတော့ဘူး၊ ဒီမိန်းမသားနှစ်ယောက်ကို အထိုက်အလျောက်တော့ ကြည့်ရှုထားသင့်တယ်လို့ ဘကြီးဖြိုး ထင်ပါတယ်”

“အင်းလေ … ရှေ့ကြောင်း နောက်ကြောင်းတွေကို ထောက်ရရင်တော့ အရမ်းမလုပ်သင့်ဘူးဆိုတာ ကျွန်တော် စဉ်းစားမိလာပါတယ် ဘကြီးဖြိုး”

ဘကြီးဖြိုး၏ မျက်နှာတွင် အပြုံးများ ဝေလာ၏။

“အဲသလို စဉ်းစားမိလာတာကို ကျေးဇူးတင်ပါတယ် ပိုင်ပိုင်ရယ်၊ မှန်တာကို ဝန်ခံရရင် မအိုက်ရော၊ ဘကြီးဖြိုးရော မေသျှားကလေးကို ကိုယ့်မြေးကလေးတစ်ယောက်လို သံယောဇဉ်ကြီးနေကြသူတွေပါ …

“ဒီကျယ်ဝန်းတဲ့ အိမ်ကြီးနဲ့ ခြံဝင်းကြီးမှာလဲ မေသျှား ရှိနေတာဟာ

သာယာတဲ့ ခေါင်းလောင်းကလေး ထိုးနေသလိုပါ ပဲကွယ်”

“အဟွန်း ... ဘကြီးဖြိုးက ကောင်မလေးကို ညွှန်းလှချည်းလားဗျ”

“အပြော မဟုတ်တာ၊ နောင်ကျတော့ ပိုင်ပိုင် လက်တွေ့မျက်တွေ့ ဖြစ်လာမှာပါ ...

“အင်း ...ခုလောက်ဆို ဘယ်ချောင်းမှာ သွားငိုနေပြီလဲ မသိဘူး၊ ရှာပြီး ချော့ဦးမှာပဲ”

“ကျွန်မ ရှာပြီးပြီ၊ ဘယ်မှာမှ မတွေ့ခဲ့ဘူး ကိုဘဖြိုး”

မျက်လုံးက မျက်ရည်စများကို သုတ်ရင်း ထမင်းစားခန်းထဲ ဝင်လာသော ဒေါ်အိုက်ပုက ပြောလိုက်သဖြင့် ...

ဘကြီးဖြိုး၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ခြင်း ဖြစ်မှုများ ပေါ်လွင်သွား၏။

ပိုင်ဦးသွင် ကိုယ်တိုင်မှာလည်း ရင်ထဲတွင် ရုတ်တရက် ဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြ စိတ်ကြောင့် လှုပ်လှုပ် ရှားရှား ဖြစ်သွားတော့သည်။

“ဒုက္ခပဲ ... ကောင်မလေး ဘယ်ရောက်သွားတာပါလိမ့်၊ တစ်ခုခုသာ ဖြစ်သွားရင် ငါ့ပယောဂလဲ ကင်းမှာ မဟုတ်ဘူး...”

အဆုံးအစွန်ကို တွေးပြီး စိုးရိမ်စိတ်များ အထွတ်အထိပ်သို့ ရောက်ရှိသွားကာ သူဝုန်းခနဲ ထရပ်လိုက်သည်။

မေသျှားကို သူရှာမည်။ မတွေ့ တွေ့အောင်ရှာမည်။

ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

ပိုင်ဦးသွင်၏ ရုတ်တရက် ဖြစ်သွားသော အပြုအမူကို နားလည်သဘောပေါက်ဟန် မရှိသော ဦးဘဖြိုးနှင့် ဒေါ်အိုက်ပု တို့သည်

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကျန်ရစ်ခဲ့တော့၏ ။

"အဟင့် ... အဟင့် ... ဟင့် ... ဟင့်"

မေသျှားသည် ဆိတ်မကြီး မိပဲ၏ ကောက်ရိုးပုံပေါ်တွင် မှောက်အိပ်ကာ ကောက်ရိုးတွေကို လက်နှစ်ဘက်တွင် ကျစ် ကျစ်ပါအောင် ဆုပ်ဆွဲထားရင်း တဟင့်ဟင့် ငိုကြွေးနေ၏ ။

ဆိတ်မကြီး မိပဲကလည်း မေသျှားတွင် တောက်လောင်နေသော သောကအပူမီးကို သိရှိဟန်ဖြင့် သူ့ဦးခေါင်းနှင့် မေသျှား၏ ဦးခေါင်းကို အသာအယာ ပွတ်ကာ နှစ်သိမ့်မှု ပေးနေ၏ ။

*

"အဟင့် ... ဟင့် ... ဟင့် ... အဟင့်..."

"ပဲ ... ပဲ ... ပဲ ..."

တပဲပဲနှင့် မေသျှားကို မိပဲက စကားပြောလာသဖြင့် မေသျှားသည် ခေါင်းကလေးကို ဆတ်ခနဲ ထောင်ကာ မိမိ၏ လည်ပင်းကို သူ့လက်နှစ်ဘက်ဖြင့် ဖက်လိုက်ပြီး မျက်နှာချင်း အပ်ထားလိုက်သည်။

"မိပဲ ... မိပဲရယ် နင်ကမှ တိရစ္ဆာန်ဖြစ်ပြီး အကြင်နာတရားရှိသေးတယ် ...

"ဟို ... ဟိုလူကြီးကလေ ... ဟိုလူကြီးကလေ ငါ့လက်တွေကို ... ငါ့လက်တွေကို တအား ဖမ်းညှစ်ပြီး ဆောင့်တွန်းပစ် လိုက်တယ်၊ ငါ့ဖင်ကို အောင့်သွားတာပဲ ...

"ဒီမှာ ... ဒီမှာ ကြည့်စမ်းပါဦး၊ ငါ့လက်ကောက်ဝတ်နှစ်ဘက်လဲ

နီရဲသွားတာပဲ အဟင့် … ဟင့် … ဟင့်

“အဆိုးဆုံးက ငါနင်တို့နဲ့ ခွဲပြီး ဒီရိပ်ငြိမ်းဦးကြီးပေါ်က ဆင်းရတော့မယ်၊ ငါ … ငါ နင်နဲ့ ညို့မောင်းကို မခွဲနိုင်ဘူး၊ မခွဲနိုင်ဘူး …

“ငါလေ ခုနတုန်းက ခြေဦးတည့်ရာ ရောက်ချင်ရာ ရောက်ဆိုပြီး ထွက်ပြေးသွားခဲ့တယ် …

“ဒါ … ဒါပေမယ့် ငါလေ… ငါ နင်တို့ နှစ်ကောင်ရယ် ဒီအိမ်ကြီးရယ်ကို မခွဲနိုင်လွန်းလို့ နင်တို့ကို နှုတ်ဆက်ဖို့ ငါ့ခြေလှမ်းတွေ ဒီခြံထဲ ပြန်ရောက်ခဲ့ရတယ် …

“အဟင့် …ဟင့် … ဟင့် မိပဲ နင် … နင် ငါ့ကို မကယ်နိုင်တော့ဘူးလား ဟင့်”

“ရှီး … ဖတ်”

ကျလာသော နှပ်ရည်တွေကို တအား ညှစ်ပစ်ပြီး မေသျှားသည် မို့အစ်သော မျက်လုံးအစုံကို လက်ဖမိုးလေး နှစ်ဘက်ဖြင့် ကလေးငယ်လေး တစ်ယောက်ကဲ့သို့ ပွတ်နေ၏။

မေသျှား၏ ချွန်ချွန် မော့မော့ နှာခေါင်းလေးမှာလဲ ရဲတွတ်၍ နေလေပြီ။

ပိုင်ဦးသွင်သည် ဆိတ်တင်းကုပ် အနီးသို့ အရောက်တွင် တဟင့်ဟင့် ငိုကြွေးသံကို ကြားလိုက်၏။

အသာရပ်၍ နားစွင့်လိုက်သည့်တွင် အငိုတစ်ဝက် အရှိုက်တစ်ဝက်ဖြင့် ဆိတ်မကြီး မိပဲကို စိတ်ထဲ ရှိတာတွေ ပြောနေသော မေသျှား၏ စကားများကို အစအဆုံး ကြားလိုက်ရသကဲ့သို့ ပြားစေ့ခန့် တင်းကုပ်နံရံ အပေါက်ကလေးမှလည်း မေသျှား၏ သနားစဖွယ် ချစ်စဖွယ် အမူအရာ ကလေးတွေကို တွေ့မြင်နေရပေသည်။

ယောက်ျား ကလေးကို ဆံပင် တိုတိုလေးနှင့်ပေမယ့် မေသျှားသည်

ရုပ်မဆိုးသွားဘဲ ပိုနု ပိုငယ်ကာ အလွန်ချစ်စရာ ကောင်းလှသည့် မိန်းမငယ်ကလေးတစ်ဦးဖြစ်သည်ကိုလည်း ပိုင်ဦးသွင် သတိပြုမိလာ၏ ။

မေသျှား၏ နင့်နင့် သည်းသည်း ငိုကြွေးနေသံသည် သူ့ရင်ထဲတွင် ဆုပ်ခဲနေသော ဝေဒနာကို ဖြစ်စေလာ၏ ။

မကြည့်ရက်တော့ပါ။

ဒီကောင်မလေး ငိုရှိုက်နေသည်ကို ဆက်၍ ကြည့်မနေနိုင်တော့ပါ။

"မေသျှား"

မေသျှား အနီးသို့ သူရုတ်ခြည်း ရောက်ရှိသွားသည်။

"ဟင်"

နာကျင်နေသော လက်ကောက်ဝတ်ကို ငို၍ ပွတ်နေရာမှ မေသျှားသည် တင်းကုပ်ထဲ ဝင်လာသူကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

မျက်လုံးထဲက မျက်ရည်တွေကြောင့် ပိုင်ဦးသွင်၏ မျက်နှာသည် သူ့မြင်ကွင်းထဲတွင် ဝါးဝေနေ၏ ။

"ဂလုတ် ... ဂလုတ် ...ဂလုတ်"

ဆိတ်မကြီး မိပဲသည် လက်နှစ်ဘက်ဖြင့် ကြမ်းကို သုံးလေးချက် ယက်လိုက်ပြီးမှ အရှိန်ယူကာ တအား ပြေး၍ တင်းကုပ်ဝတွင် ရပ်နေသော ပိုင်ဦးသွင်ကို ခွေ့ပစ်လိုက်သည်။

"အောင်မယ်လေးဗျ"

ပိုင်ဦးသွင် တစ်ယောက် ဝမ်းဗိုက်ကို နှိပ်ကာ ပက်လက်လန်ကျသွား၏ ။

"ဟဲ့ ... ဟဲ့ ... မိပဲ ... မိပဲ မလုပ်နဲ့ မလုပ်နဲ့တော့"

လူးလဲ ထပြီး မိပဲကို မေသျှားသည် ပြေးဆွဲထားလိုက်သည်။

ပိုင်ဦးသွင်သည် ဝမ်းဗိုက်ကို လက်နှစ်ဘက်ဖြင့် အုပ်ကာ ဟိုဘက်လိမ့် သည်ဘက်လိမ့် ဖြစ်နေ၏ ။

မေသျှားသည် စိုးရိမ်စိတ်များ အထွတ်အထိပ်သို့ ရောက်ရှိသွား၏ ။

ပိုင်ဦးသွင်၏ ဦးခေါင်းကို မုဆိုးဒူးထောက်ထိုင်ကာ ပွေ့ယူလိုက်မိ၏ ။

ဒီမှာ ... ဒီမှာ လူကြီး၊ သိပ် ... သိပ် နာသွားသလား ဟင် ”

ပိုင်ဦးသွင်၏ မေးကို ကိုင်လှုပ်ကာ မေသျှားက စိုးရိမ်ကြောင့်ကြသံ ကလေးဖြင့် မေးလိုက်သည်။

ပိုင်ဦးသွင် မျက်လုံးများ ဖွင့်ကြည်လာသည်။

သူ့မျက်နှာနှင့် အလွန်နီးကပ်နေသော နုငယ်လှပသည့် မျက်နှာကလေးတစ်ခုကို တွေ့လိုက်ရ၏ ။

ပျို့မျစ် နုငယ်လှပခြင်းတို့ဖြင့် ပြီးပြည့်စုံနေသော မျက်နှာကလေး တစ်ခု။

သည် မျက်နှာကလေးကို နီးနီးကပ်ကပ် မြင်လိုက်ရတော့ ဆိတ်ခွေ့ထားသော ဝေဒနာ ဘယ်ချောင်ရောက်သွားတော့ ပြီ မသိတော့။

“မေသျှား”

“ဖုတ်”

“အောင်မယ်လေးဗျ”

သူ့ကို ခေါ်လိုက်သံကြောင့် မေသျှား လန့်သွားပြီး သူ့ဦးခေါင်းကြီးကို လွှတ်ချလိုက်ဖြင့် မြေပြင်ပေါ်သို့ ပိုင်ဦးသွင် ဘုတ်ခနဲ ပြန်ကျသွားသည်။

မေသျှားသည် လက်ချောင်းလှလှကလေးများဖြင့် ဝိုင်းနေသော သူ့ပါးစပ်ကလေးကို ဖိကပ်ကာ လှုပ်ရှားနေသော မျက်လုံးအစုံဖြင့် ပိုင်ဦးသွင်ကို ကြည့်နေသည်။

"ဘယ်လို လုပ်လိုက်တာလဲ မေသျှား၊ နာလိုက်တာ အား …"

ပိုင်ဦးသွင်သည် လက်တစ်ဘက်က နောက်စိကို ပွတ်၊ တစ်ဘက်က ဝမ်းဗိုက်ကို ဖိ၍ ခြေဆင်းလျက် ထိုင်ရင်းက မေသျှားကို မော့ကြည့်ကာ ပြောလိုက်သည်။

"ဟို … ဟို … မေ … မေသျှား လန့်သွားလို့ပါ လူကြီးရယ်၊ ကန်တော့ … ကန်တော့နော်"

စိတ်ဆိုးရခက် မဆိုးရ အခက် မျက်နှာကြီးဖြင့် မေသျှားကို ပိုင်ဦးသွင်က ကြည့်လိုက်သည်။

"မေသျှား ရိပ်ငြိမ်ဦးကနေ ထွက်သွားတော့မလို့လား"

"ဟင် …"

မေသျှားသည် အဖြေမပေးဘဲ သူ့ကို ပြူးဝိုင်းနေသော မျက်လုံးကလေးများဖြင့်သာ အံ့အားသင့်၍ ကြည့်နေ၏ ။

"တို့မေးတာ ဖြေလေ၊ ညိုမောင်း မိပဲတို့ကို နှုတ်ဆက်ပြီးရင် မေသျှား ရိပ်ငြိမ်ဦးကနေ သွားတော့မယ်ပေါ့ ဟုတ်လား။

မေသျှား လက်ပိုက်လိုက်ပြီး ချစ်စရာမျက်နှာ နုနုကလေး ရုတ်ခြည်း မှုန်သွားကာ တစ်ဘက်သို့ ချာခနဲ လှည့်သွား၏ ။

မေသျှား၏ ရွှေရင်မို့မို့ကလေး ဝန်းဝန်းကလေးအစုံမှာ နိမ့်တုံမြင့်တုံ လှုပ်ရှားမှု မြန်ဆန်လာ၏ ။

ကောင်မလေး ဒေါထနေမှန်း သိသာနေပါသည်။

"မေသျှား … အဟင်း … ဟင်း … ဟင်း"

ပိုင်ဦးသွင်သည် ထရပ်လိုက်ပြီး မေသျှား၏ ပခုံးလုံးလုံး အိအိကလေး

နှစ်ဘက်ကို ဆတ်ခနဲ ကိုင်လိုက်သည်။

“ဖယ်စမ်းပါ၊ လူကို လှောင်စရာများ မှတ်နေသလား”

သူ့လက်များကို မေသျှားက ပုတ်ချပြီး ရန်ထောင်ပါတော့သည်။

“ဟော့ … ဒေါသချည်းပဲကိုး၊ တို့က အကောင်းမေးနေတာ”

“ရှင်ကြီးနဲ့ တစ်အိမ်တည်း နေလို့လဲ မဖြစ်ပါဘူး၊ ခုပဲ ထွက်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ၊ စောစောကတည်းက အိုက်အိုက် စကားကို နားထောင်မိရင် ခုလို မဖြစ်ဘူး သိလား”

“ဟော့ … ဟော့ … ဒါ ဘယ်လဲ၊ မင်းနဲ့တို့ စကားပြောစရာ

မပြတ်သေးဘူးကွ”

လှည့်ပြေးဟန် ပြင်လိုက်သော မေသျှား၏ လက်ကောက်ဝတ်ကလေး တစ်ဘက်ကို ပိုင်ဦးသွင်က လှမ်းဆွဲထားလိုက် သည်။

“လက်ကို လွှတ်ပါ၊ ရှင်ကြီး နှိပ်စက်ထားသော နာနေတယ် သိလား”

“အား … ဆောရီးပဲ မေသျှားရယ်၊ တို့လဲ မရည်ရွယ်ဘဲ

လုပ်လိုက်မိတာ…

“အို …ဟုတ်ပါရဲ့၊ ဟင် … မှန်းစမ်း၊ လက်နှစ်ဘက်စလုံး နီရဲပြီး ရောင်သွားတာပဲကိုး၊ ဆောရီးကွာ … ဆောရီး၊ တို့ သိပ်ဝမ်းနည်းပါတယ်”

ပိုင်ဦးသွင်၏ ခန့်ခန့် ချောချော မျက်နှာကြီးပေါ်တွင် အမှန်တကယ်ပင် စိတ်မကောင်း ဖြစ်နေမှုများ အထင်းသား ပေါ်လွင်နေ၏ ။

“ကဲ … လာ၊ မေသျှားနဲ့ တို့အေးအေးဆေးဆေး စကားပြောရအောင် အိမ်ထဲ လိုက်ခဲ့”

“မလိုက်ပါဘူး၊ ပြောခဲ့တဲ့ စကားက ကုန်နေပြီပဲ၊ မေသျှားထွက်သွားရုံပဲ

ရှိတယ်”

“မင်း ဘယ်ကိုမှ ထွက်မသွားရပါဘူး”

“ဘာဖြစ်လို့”

“မင်း ရိပ်ငြိမ်ဦးမှ နေနိုင်ပြီလေ”

“ဘယ်လိုကြောင့် ...”

မသျှားသည် လက်ပိုက်ကာ အသံပြတ်ဖြင့် မေးလိုက်သည်။

“ဘကြီးဖြိုးဆီက အကျိုးအကြောင်းတွေ စုံစုံလင်လင် သိခဲ့ရလို့ပဲ”

“အဟေ ... မိပဲ ... မိပဲ ညိုမောင် အားဟ ပျော်လိုက်တာ၊ ငါ မင်းတို့နဲ့ ခွဲမသွားရတော့ဘူးတဲ့၊ အား ... မိပဲရယ်”

မသျှားသည် သူ့အနီးတွင် ယောင်ပေ ယောင်ပေနှင့် ကပ်နေသော ဆိတ်မကြီး မိပဲ လည်ပင်းကို ဖက်ကာ အားရပါးရ မွှေးကြူခုန်ပေါက်နေ၏ ။

သူ့ကို ပိုင်ဦးသွင်သည် ပြုံး၍ ကြည့်နေ၏ ။

“လာ ... မိပဲ ညိုမောင်းကို သွားပြောရအောင်”

မိပဲက သူ့စကားကို ကောင်းစွာ အလေ့အကျင့် ရနေသည်။

ပြေးပြေးလွှားလွှားကလေး သွားနေသော သူ့နောက်သို့ အလျင် မီအောင် ကပ်လိုက်သွားနေ၏ ။

မြင်းဇောင်းထဲက မြင်းကြီးညိုမောင်းကလည်း မသျှားကို မြင်လိုက်သည်နှင့် တဟည်းဟည်းထ၍ ဟည်းပါတော့ သည်။

“အင်း သူ့ကလေးက ချစ်စရာလေး၊ တကယ့်ကို ကလေးလေး စိတ်နဲ့ပါလား”

ပိုင်ဦးသွင်သည် မလှမ်းမကမ်းမှာ ရပ်၍ လက်ညှိုးဖြင့် သူ့ဦးခေါင်းက ဆံပင်ကို ကုတ်ရင်း မှတ်ချက် ချလိုက်မိသည်။

"နေကြဦးနော်၊ ဟို လူကြီးက ငါ့ကို စကားပြောစရာရှိလို့တဲ့၊ လိုက်သွားဦးမယ်"

သူ့မြင်းနှင့် ဆိတ်မကြီးကို နှုတ်ဆက်ပြီး မေသျှားသည် ပိုင်ဦးသွင်၏ အနီးသို့ ရောက်ရှိလာ၏ ။

"ကဲ လာ ... သွားကြစို့"

နှစ်ဦးသာ အတူယှဉ်၍ ရိပ်ငြိမ်ဦးသို့ လျှောက်ခဲ့ကြသည်။

မီးဖိုဆောင်ပေါက်မှ သူတို့အိမ်ထဲ ဝင်လိုက်ကြသည်တွင် ထမင်းစားပွဲ၌ မျက်နှာချင်းဆိုင်ထိုင်ကာ စိတ်မကောင်းဟန် ဖြင့် စကားပြောနေကြသည်ကို ဦးဘဖြိုးနှင့် ဒေါ်အိုက်တို တွေ့ကြရသည်။

မေသျှားကို ပိုင်ဦးသွင်နှင့်အတူ တွဲ၍ ဝင်လာသည်ကို တွေ့ရလျှင် ဒေါ်အိုက်သည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက် သည်။

"မေသျှား ရှာလိုက်ရတာ ၊ ညည်းလေး ဘယ်ပျောက်သွားတာလဲ ဟင်..."

"မနေစေချင်တော့ ထွက်သွားတာပေါ့ အိုက်အိုက်ရဲ့"

မေသျှားက ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး ကျောမှီဘက် မျက်နှာထားကာ ခွထိုင်လိုက်သည်။

"ဟဲ့ မေသျှား ဘယ်လို ထိုင်လိုက်တာလဲ"

"အာ ... ဒီလို ထိုင်နေကျပဲ ဥစ္စာ ..."

"မိန်းမက မိန်းမလိုနေဖို့ သင်မရဘူး၊ ပြန်ပြင်ထိုင်စမ်း"

"ဟွန့် ရှုပ်လိုက်တာ၊ ထိုင်တာတောင်မှပဲ အကန့်အသတ်ကြီးနဲ့၊ သိပ်

ပေါင်ကျဉ်းတာပဲ”

စူစူဆောင့်ဆောင့်နှင့် မေသျှားသည် ကုလားထိုင်ကို အတည့်ပြန်ထိုင်လိုက်သည်။

“သူ့ကို ဘယ်မှာ တွေ့လာခဲ့သလဲ ပိုင်ပိုင်”

“ဆိတ်တင်းကုပ်ထဲမှာ”

“ဆိတ်တင်းကုပ်ထဲမှာ အိုက်အိုက် ကြည့်ခဲ့ပါသေးတယ်၊ မတွေ့ခဲ့ရပါဘူး”

“ဘယ်တွေ့မလဲ၊ စောစောက အဲ့ဒီကိုမှ မသွားတာ၊ ထွက်သွားပြီး လမ်းတစ်ဝက် ရောက်မှ ညိုမောင်းနဲ့ မိပဲကို နှုတ်ဆက်ဖို့ ပြန်လာခဲ့တာ အိုက်အိုက်ရဲ့”

“ခက်တယ် ခက်တယ်၊ မိန်းကလေးဆိုတာ ဒီလို ထွက်ချင်တိုင်းထွက်သွားလို့ ရသလားဟဲ့၊ ငါတော့ နင့်အတွက် ရင်လေးမိပါသေးတယ် မိသျှားရယ်”

အပြုံး လွန့်လွန့် နှုတ်ခမ်းအစုံဖြင့် ပိုင်ဦးသွင်က သူ့ကို ကြည့်နေ၏ ။

“အဲဒါသာ ကြည့်တော့ ပိုင်ပိုင်၊ ကလေးစိတ်ကလဲ မကုန်၊ နေတာ ထိုင်တာကလဲ ယောကျ်ားလေးလိုလိုကွတိကွကျနဲ့ ဘောင်းဘီကလွဲလို့ မိန်းကလေးလို ဝတ်စားခိုင်းလို့လဲ မရ”

“ဟာ ဘကြီးဖြိုးကလဲ အကုန် လျှောက်ပြောနေတာပဲ၊ ဒီလို ဝတ်စားထားတာ ဘယ်လောက် အလုပ်လုပ်ရတာ သက်သာတယ် မှတ်သလဲ ...

“မြင်းစီးလိုက်ရင်လဲ လွှားခနဲပဲ၊ ထဘီကြီး တကားကားနဲ့ မကိုက်ပါဘူး”

“အဲ ... မြင်းဆိုလို့ ပြောရဦးမယ်၊ မင်း မြင်းစီးတာကကြမ်းပါဘိ၊ ယောကျ်ားသားတွေ အရှုံးပေးရတယ် ပိုင်ပိုင်ရေ”

“အဟင်း ဒါကတော့ မေသျှားက ကျွမ်းနေတာကိုး ဘကြီးဖြိုးရဲ့”

“ဘယ်လောက် ကျွမ်းကျွမ်း ခြေချော်လက်ချော် မဖြစ်ဘူးလို့ ပြောနိုင်သလားကွယ့်”

“ဟုတ်တယ်၊ ဘကြီးဖြိုး ပြောတာမှန်တယ်၊ မင်းစီးပုံက သိပ်ကြမ်းတမ်းရမ်းကားလွန်းတယ် …

“စောစောပိုင်းက ကားခေါင်းကို မင်းဖြတ်စီးသွားတာ မင်းကော တို့ကော နှစ်ဦးစလုံး အန္တရာယ် ဖြစ်သွားနိုင်တယ် သိလား”

“အဲဒါတော့ ဆောရီးပဲ၊ ကားကို အနားကပ်မှ မြင်ရတော့ မေသျှားလဲ ဘာမှ မတတ်နိုင်ဘူးလေ”

“အေး … နောင်ကို သတိထားဖို့ ပြောနေတာ”

“ဟုတ်ပါပြီ … ဟုတ်ပါပြီ၊ မေသျှားကို ပြောစရာရှိတယ်ဆို၊ အဲဒါ ဘာလဲ”

“အေး … မင်းကို ပြောစရာရှိတာတွေ ဟောဒီက ဘကြီးဖြိုးနဲ့ အိုက်အိုက်ရှေ့မှာပဲ ပြောမယ်၊ မင်း ဒီ ရိပ်ငြိမ်ဦးမှာ နေခွင့်ရပြီ ဆိုပေမယ့် သိပ်ဝမ်းသာမသွားနဲ့ဦး၊ မင်းပုံစံတွေကို ပြောင်းပစ်ဖို့ လိုသေးတယ်”

မေသျှား၏ မျက်နှာ နုနုလှလှကလေး ရုတ်ခြည်း အိုကျသွား၏။ တစ်ဘက်သို့ ချာခနဲ လှည့်သွား၏။

“ပြောတဲ့စကား ဆုံးအောင် နားထောင်ပါဦးလေ”

“ဟုတ်သားပဲ၊ ကိုယ့် အစ်ကိုကြီးက ဘာတွေပြောမယ်ဆိုတာ ဆုံးအောင်လဲ နားထောင်းဦးမှပေါ့”

ဒေါ်အိုက်ပုက ဝင်ပြောလိုက်သည်။

“ရိပ်ငြိမ်ဦးကို တို့ ရောက်လာပြီဆိုတော့ တို့ရဲ့အပေါင်းအသင်းတွေ မိတ်ဆွေဆွေလဲ တဖွဲဖွဲ ရောက်လာ ကြတော့မှာပဲ…”

“ဒီတော့ မိသျှား နေထိုင်ပုံ၊ ပြောဆိုပုံ၊ ဝတ်စားဆင်ယင်ပုံတွေကို ပြင်ရမယ်”

“စိတ်ရှုပ်တယ်၊ အဲဒါ စိတ်အရှုပ်ဆုံးပဲ”

မသျှားက သူ့ ဦးခေါင်းက ဆံပင်များကို ထိုးထောင်သွားအောင် တဖြင်းဖြင်း ကုတ်ရင်း ပြောလိုက်သည်။

“မသျှာ”

ဒေါ်အိုက်ပုက ဝင်ဟန့်လိုက်သဖြင့် မသျှား ငြိမ်ကျသွား၏ ။

“ကဲ… တို့လဲ ပင်ပန်းလာတယ်၊ ခဏအနားယူပြီး မြို့ထဲကို မင်းကို ခေါ်သွားမယ်၊ တို့ ဆင်တဲ့ အဝတ်အစား မင်း ဝတ်ရမယ် …

“တို့သွန်သင်တဲ့အတိုင်း မင်းနေရမယ်၊ ဒါဆိုရင် မင်းချစ်တဲ့ တိရစ္ဆာန်တွေနဲ့ ဟောဒီအိမ်ကြီးကနေ ဘယ်ကိုမှ တစ်သက်လုံး ထွက်သွားစရာ မလိုတော့ဘူး”

ဘကြီးဖြိုး နှင့် ဒေါ်အိုက်ပုသည် တစ်ဦးမျက်နှာ တစ်ဦးဝမ်းသာ အားရစွာ ကြည့်လိုက်ကြသည်။

မသျှားကတော့ မကြည်မလင်လှသော မျက်နှာကလေးဖြင့် ထိုင်ရက ထလိုက်ပြီး စားပွဲပေါ်မှ သစ်တော့သီး တစ်လုံးကို ယူလိုက်ရင်း ထမင်းစားခန်းအတွင်းမှ ထွက်သွားတော့သည်။

“ကျေး … ကျေးဇူးတင်လိုက်တာ လူလေးရယ်၊ ခုမှပဲ အိုက်အိုက် ရင်ထဲက အလုံးကြီး ကျသွားတော့တယ်”

“ဒါနဲ့ မသျှားက ကျောင်းမနေဘူးလား”

"သူ့အဖေ ဆုံးကတည်းက ထွက်လိုက်တာ၊ ကိုးတန်းပဲ အောင်တယ် လူလေး"

"အင်း ... သူ့ကိုကျောင်း ပြန်ထားဖို့ စီစဉ်ရမယ်"

ထိုင်ရာက ထရင်း ပိုင်ဦးသွင်က ပြောလိုက်သည်။

"ပိုင်ပိုင့်အတွက် အိပ်ခန်း အောက်ထပ်မှာပဲ ပြင်ထားတယ်၊ လာ ... ဘကြီးဖြိုး ပြပေးမယ်"

"အောင်မယ်လေး ... မောင်မင်းကြီးသားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေတော်၊ ရင်ထဲကို အေးသွားတာပဲ"

ဒေါ်အိုက်ပုသည် စားပွဲပေါ်က ပန်းကန်ခွက်ယောက်များကို အလျှင်အမြန်သိမ်းပြီး မေသျှားရှိရာ အပေါ်ထပ်သို့တက် ခဲ့သည်။

*

# အခန်း (၂)

"ဟွန်း..... ကြီးကျယ်လိုက်တာ....ဆင့်ဖင်ကြီးက၊ ငါ့အဖေတောင် ငါ့ကိုဘာမှမချုပ်ခြယ်ဘူး၊ သူကတော့ဟွန်း..."

မျက်နှာလေးကို မဲ့ရွဲ့ပြီး ရှုံ့တွပစ်လိုက်သည်။

"ဘာလဲ.....သူ့ကို ငါကမိန်းကလေးလို ဝတ်စားပြီး ဟုတ်ကဲ့ပါကိုကို၊ ကိုကို့ မိတ်ဆွေတွေကို သိခွင့်ရတာ သျှားသိပ် ဝမ်းသာပါတယ်၊ ထိုင်ကြပါ ရှင်၊ သုံးဆောင်ကြပါ၊ ဘာများအလိုရှိပါသေးသလဲ.....

"ကိုကို ထမင်းပွဲ ပြင်ပြီးပါပြီ ရှင့်၊ ဟား.... အောင်မယ်လေး ပင်ပန်းလိုက်တာနော်၊ ငါတော့ ငရဲကျပြီ၊ ငရဲကျပြီ"

"ဟဲ့ ..... ကောင်မလေး မသျှား၊ တစ်ယောက်တည်း ဟန်တွေ ပန်တွေလုပ်ပြီး ဘာများ ငရဲကျနေရပြန်တာလဲ ဟင်..."

"ဟွန်း.... ဒီလူကြီး ပြောတာတွေ အိုက်အိုက်ကြားတယ်မဟုတ်လား၊ အဲဒါ မသျှားအတွက် ငရဲမဟုတ်လို့ ဘာကျတာတဲ့တုံး"

"ဟွန်း.... ဒီလူကြီး ပြောတာတွေ အိုက်အိုက် ကြားတယ် မဟုတ်လား၊ အဲဒါ မသျှားအတွက် ငရဲမဟုတ်လို့ ဘာကျ တာတဲ့တုံး"

"ဟဲ့... တိုးတိုးပြော၊ ဟိုက နင့်ကို ကောင်းစေချင်လို့ ပြောတာတွေချည်းပဲ ဥစ္စာ၊ ပြီးတော့ သူကကိုယ့်ကိုဒီအိမ်ကြီးမှာ လက်ခံလိုက်တာ ဘုရားမတာပဲ မဟုတ်လား မိသျှားရဲ့..."

"အဟွန်း....ဟုတ်ပါတယ်၊ ဒီမှာ နေခွင့်ရဖို့အတွက် သူ့အကြိုက်ကို မသျှားက လိုက်ပေးရတော့မှာပေ့ါလေ၊ ဝက်ဖြစ် မှတော့ ချေးကြောက်နေလို့ အပိုပဲ"

"တယ်..... ဒီကောင်မလေးပြောရင်း ဆိုရင်းက..."

မေသျှားက သူ့ခုတင်စွန်းတွင် ဆောင့်ခနဲ ထိုင်ချလိုက်သည်။

"သမီးလေး... လိမ္မာနော်၊ သူကြည့်ရတာ သဘောမနောကောင်းမယ့်ပုံပါ၊ ကိုယ်ကအဆင်ပြေအောင် နေနိုင်ရင် သင့်သင့်မြတ်မြတ် တစ်သက်လုံးတောင် နေသွားနိုင်မှာ....

"အိုက်အိုက်ကတော့လေ..... မေသျှားနဲ့အိုက်အိုက်ကို သူဒီမှာနေခွင့်ပြုလိုက်လို့ သိန်းထီပေါက်တာထက်တောင် ဝမ်းသာသေးတယ်သိလား"

"အိုက်အိုက်"

"ဘာလဲ....... မေသျှား"

ဒေါ်အိုက်ပုက သူ့ပေါင်ပေါ်တွင် လှဲအိပ်လိုက်သော မေသျှား၏ ဦးခေါင်းက ဆံပင်များကို ပွတ်သပ်ပေးရင်း ထူးလိုက် သည်။

"သူ့မိတ်ဆွေတွေဆိုတာ ယောကျ်ားတွေလား၊ မိန်းမတွေလားဟင်""

"အဲဒါ အိုက်အိုက်လဲ ဘယ်သိပ့်ါမလဲ ကလေးရဲ့၊ သူက အင်ဂျင်နီယာကြီးတစ်ယောက်၊ ပြီးတော့ ကြေးရတက် အသိုင်းအဝိုင်းထဲကလူဆိုတော့ မိတ်ဆွေအပေါင်းအသင်းတော့ များမှာပေ့ါကွယ်""

"အိမ်မှာတော့ လူရှုပ်တော့မှာပဲ၊ မျက်စိနောက်စရာကြီး...."

"အိုကွယ်.....ရိပ်ငြိမ်ဦးက အကျယ်ကြီးပဲ ဥစ္စာ၊ လူရှုပ်လဲရှောင်နေစရာ နေရာတွေ အများကြီးပါ မေသျှားရဲ့....

"ဒီလိုပဲ အခြေအနေ ကြည့်နေရမှာပေ့ါကွယ်၊ ကဲ....အိုက်အိုက် ညစာအတွက် သွားစီစဉ်လိုက်ဦးမယ်..."

"ခဏနေရင် ရေမိုးချိုးပြီး သူခေါ်တဲ့နောက် သာသာကြည်ကြည် လိုက်သွားနော်၊ ကလန်ကဆန် မလုပ်ပါနဲ့ ကလေး ရယ်၊ အားလုံးကောင်းဖို့ပါ"

“အင်းပါ”

“အင်းပါ”ဆိုသည့် စကားတစ်လုံးသည် မေသျှား၏ ပါးစပ်မှ ဆောင့်ဆောင့် အောင့်အောင့်ကြီး ထွက်လာ၏ ။

ဒေါ်အိုက်ပုသည် မေသျှား၏ ဦးခေါင်းကို အသာတစ်ချက်ပွတ်ခဲ့ပြီး အောက်ထပ်သို့ပြန်ဆင်းခဲ့သည်။

“ဒုက္ခပဲ၊ ဒီလူကြီးနဲ့တော့ ရိပ်ငြိမ်ဦးမှာ ငါလွတ်လွတ်လပ်လပ်နေရတော့မှာ မဟုတ်တော့ဘူး ထင်ပါရဲ့ ဟင်း…”

မေသျှားသည် စိတ်ရှုပ်ထွေးဟန်ဖြင့် ပင့်သက်ချရင်း ဖက်လုံးကြီးကိုဖက်၍ ခုတင်ပေါ်သို့ ပြန်လှဲချလိုက်သည်။

မေသျှားသည် စိတ်ရှုပ်ထွေးဟန်ဖြင့် ပင့်သက်ချရင်း ဖက်လုံးကြီးကိုဖက်၍ ခုတင်ပေါ်သို့ ပြန်လှဲချလိုက်သည်။

မေသျှားသည် ပိုင်ဦးသွင်၏ နောက်သို့လိုက်ရန် အဆင်သင့်ဘာမှ လုပ်မထားဘဲ တွေဝေရှုပ်ထွေးသော စိတ်များဖြင့် ခုတင်ပေါ်တွင် တောင်လူး မြောက်လူးလုပ်၍ နေ၏ ။

*

“မအိုက်……..”

“ဘာလဲ ကိုဘဖြိုး……”

“ပိုင်ပိုက်က သဘောကောင်းပါတယ်လို့ ကျုပ်မပြောဘူးလား”

“သြော်….ခု အဆင်ချောသွားမှတော့ ရှင် ဒီစကားပြောတော့မှာပေ့ါ၊ ရှင်ဟာလေ တော်တော်လဲ တတ်နိုင်တဲ့လူကြီး”

ဒေါ်အိုက်ပုသည် ထမင်းအိုးမွှေ ဟင်းရွက်သင်ပေးနေတော့ ဦးဘဖြိုးကို မျက်စောင်းခဲလိုက်၏။

"အဟင်း...ဟင်း...ဟင်း.... ဘာပဲဖြစ်ဖြစ် ခုတော့ကျုပ်ရော ခင်ဗျားရော အထင့်ထင့်ဖြစ်ခဲ့ရသမျှ စိတ်အေးရပြီ မဟုတ်လား"

"ရာခိုင်နှုန်းပြည့်တော့ စိတ်မအေးရသေးပါဘူး ကိုဘဖြိုးရယ်"

"ဘာဖြစ်လို့လဲ မအိုက်ရဲ့"

"ရှင့် မြေးက ဂျစ်ကန်ကန်ကလေးတော့်၊ သူက ရိပ်ငြိမ်ဦးမှာ လူရှုပ်မှာကိုလဲ မလိုလားဘူး၊ ပြီးတော့ သူ့ကိုဘယ်သူမှ ချုပ်ခြယ်တာ မကြိုက်ဘူး မဟုတ်လား......

"သူ့စိတ်ထဲ မောင်ပိုင်ဦးသွင် ရောက်လာတာ အကျဉ်းကျသွားသလိုပဲ ဖြစ်နေတာ ကျွန်မ သိတယ်"

"အဲဒါတော့ ကလေးနားလည်သဘောပေါက်အောင် ခင်ဗျားကကြည့်ကျက် ချော့မော့ပြောပေ့ါဗျာ၊ ကျုပ်လဲဝင်ပြော ပေးမှာပေ့ါ.....

"ဒီ အဆင့်အထိ အဆင်ချောလာမှတော့ ဆက်ချောသွားလိမ့်မယ်လို့ ကျုပ်ထင်ပါတယ် မအိုက်ရဲ့"

"ချောပါစေတော်... ချောပါစေ"

"အင်း.....ဘကြီးဖြိုးနဲ့ဒေါ်အိုက်ပုက ဒီပေါက်ကျော်မလေးအပေါ် အတော်သံယောဇဉ်ကြီးနေကြသူတွေပဲကိုး"

ပိုင်ဦးသွင်သည် ခေါင်းတဆတ်ဆတန်ညိတ်ရင်း ထမင်းစားခန်းထဲသို့ လှမ်းဝင်လိုက်သည်။

"ဟော....ပိုင်ပိုင်.... ဈေးဝယ်ထွက်တော့ မလို့လား"

"ဟုတ်ကဲ့ ဘကြီးဖြိုး၊ ဟိုကောင်မလေးကော အသင့်ဖြစ်ပြီလား"

"ဟဲ့ မအိုက် သွားကြည့်စမ်း....သွားကြည့်စမ်း၊ ထမင်းအိုးထားခဲ့၊ ကျုပ်ကြည့်လိုက်မယ်"

"ဟုတ်ကဲ့....ဟုတ်ကဲ့..."

ဒေါ်အိုက်ပုသည် အသက်အရွယ်ကို မေ့သွားဟန်တူ၏။

အပြေးကလေး ထမင်းစားခန်းထဲမှ ထွက်ခွာသွားသည်။

*

"ဟဲ့....မေသျှား"

"အောင်မလေးလေး..... နာလိုက်တာ"

မေသျှားသည် ဆွဲဆိတ်ခံလိုက်ရသော သျှူတင်ပါးလုံးလုံးကလေးတစ်ဘက်ကို ရှုံ့မဲ့ပွတ်ရင်း ဆတ်ခနဲမှောက်အိပ် နေရာမှ ထထိုင်လိုက်သည်။

"နာရီကြည့်စမ်း၊ ဘယ်နှစ်နာရီထိုးနေပြီလဲ၊ ဟိုကဖြင့်သွားဖို့ အဆင်သင့်ဖြစ်နေပြီ"

"တောက်....ဒီလူကြီး အလုပ်မရှိ အလုပ်ရှာတယ်၊ ခုမှ မေသျှား အိပ်ပျော်ခါစ ရှိသေးတာ"

"ဒါ အိပ်တဲ့အချိန်လား၊ ထ....ရေချိုးတော့၊ မြန်မြန်လုပ်နော်"

"မြန်ပါတယ်၊ ဟောဒီမှာ ကြည့်....ဟောဒီမှာ ကြည့်"

"ဟဲ့......ဟဲ့ ဘယ်လိုလုပ်လိုက်တာလဲ"

ဒေါ်အိုက်ပု မျက်လုံးပြူးသွားသည်။

"ကဲ….ပြီးပြီ မှုတ်လား၊ တစ်မိနစ်တောင် မကြာဘူး"

မေသျှားက သူ့ကိုယ်ပေါ်က အကျႌကို ဆွဲချွတ်၏ ။ တန်းတွင်ချိတ်ဆွဲထားသော တီရှပ်တစ်ထည်ကို သူ့ကိုယ်ပေါ်တွင် ကောက်စွပ်လိုက်ပြီး ခါးကမြင်းစီးဘောင်းဘီနှင့် ဂျင်းဘောင်ဘီကို လဲဝတ်လိုက်သည်။

"ဒီပုံနဲ့သွားမယ် ဟုတ်လား"

"ဒီပုံနဲ့မသွားလို့ ဘယ်ပုံနဲ့သွားရမလဲ အိုက်အိုက်ရဲ့၊ ပြောစမ်းပါဦး"

"ရေမချိုး ဘာမချိုးနဲ့ နင့်ကိုနင် မှန်ထဲပြန်ကြည့်ဦး၊ ဆံပင်ကလဲ မယ်သီလ ဆံပင်ပေါက်ခါစ ကျနေတာပဲ"

"ကိုယ့်ဘာသာကိုယ် ရှေ့မှန်နောက်မှန်နဲ့ ကေခုတ်ထားတာ ဒီလောက်တော့ ရှိမှာပေ့ါ၊ ကိုယ်ကလေးကလဲ ကြာညိုနွံ့ ကို သင်းနေတာပဲ၊ အဟင်း…ဟင်း….ဟင်း"

ဒေါ်အိုက်ပုက မျက်စောင်းထိုးလိုက်သည်။

"အောင်မလေး…ဒီပုံမျိုး ဒီအချိုးမျိုးကို အိုက်အိုက်ကမြင်ဖူး မတွေ့ဖူးတာ ကျနေတာပဲ၊ အိုက်အိုက်သိထားဖို့က မေသျှားက ရွှေဘုံပေါ်စံနေတဲ့ တပင်တိုင်မင်းသမီးကလေး မဟုတ်ဘူး……

"စိုက်ရ ပျိုးရ၊ နွားချေး ကျုံးရ၊ နွားစာစဉ်းရ၊ ရေခပ်ရနဲ့ အိုက်အိုက် ရွှေမင်းသားနဲ့ယှဉ်ပြီး မေသျှားကို အပြစ်တော်မြင်မ နေစမ်းပါနဲ့"

မေသျှားသည် ဦးထုပ်ကလေးတစ်လုံးကို ခေါင်းပေါ်တွင် ဆောင်းလိုက်ပြီး အပေါ်ထပ်မှ လှေကားကို တဒိုင်းဒိုင်း ပြေးဆင်းသွားတော့သည်။

မေသျှား အိမ်ပေါ်ထပ်မှ ပြေးဆင်းလာသည်ကို ပိုင်ဦးသွင်သည်

ညှော့ခန်းအလယ်တွင် ခါးထောက်ရပ်ကြည့်နေ၏ ။

"ရယ်ဒီပဲ...... ဂိုးကြစို့လေ"

မေသျှားက ပြောလိုက်သည်။

"ဒီပုံနဲ့ မင်းငါ့နောက် လိုက်မှာလား"

"ဒီပုံနဲ့မလိုက်ရဘူးဆိုရင်တော့ ကိုယ့်ဘာသာကိုယ်ပဲ သွားပေတော့"

"ဘာလဲ.....မင်းက ဘုပြောတာလား"

"ဘုပြောတာ မဟုတ်ပါဘူး၊ အရှိကိုအရှိအတိုင်း ပြောတာပါ၊ မေသျှားမှာ အဝတ်အစားဆိုလို့ ဘောင်းဘီသုံးထည်၊ အကျႌသုံးထည်ပဲရှိတယ်၊ ကျန်တာတွေ ခြံလုပ်တဲ့အဟောင်းအနွမ်းတွေချည်းပဲ"

ပိုင်ဦးသွင်သည် မေသျှား၏ မျက်နှာမှုန်မှုန်ကလေးကိုကြည့်ရင်း သူ၏ ထူထဲသော မျက်ခုံးတစ်ဘက်ကို လက်ညှိုးဖြင့် ကုန်လိုက်သည်။

"အဝတ်အစား မရှိတာက အပြစ်မဟုတ်ပါဘူး၊ မင်းသိဖို့က ရှိတာကိုပဲ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တတ်ဖို့ပဲ၊ ခု မင်းကိုယ်မင်းပြန်ကြည့်စမ်း.....

"ခါးမှာလဲ အကျႌစတွေက ထွက်တစ်ဘက် ဝင်တစ်ဘက်နဲ့၊ ဆံပင်တွေကလဲ ပွလို့၊ မျက်နှာကလဲ ပြောင်နေတာပဲ၊ မင်းဝတ်ထားတဲ့ ဂျင်းဘောင်ဘီကလဲ ဘယ်ထဲထိုးသိပ်ထားရာက ဆွဲဝတ်လာသလဲမသိဘူး"

မေသျှားက ပိုင်ဦးသွင် ပြောသမျှ သူ့ကိုယ်ကို တစ်ခုစီကြည့်ကြည့်နေ၏ ။

ပြီးမှ အကျႌစတွေကို ဘောင်းဘီကြား ထိုးသွင်းပြီးခေါင်းက ဦးထုပ်ကိုချွတ်၍ သူ့ဆံပင်များကို လက်ဝါးနှစ်ဘက်ဖြင့် သပ်ခါလိုက်သည်။

"ခုကော အိုသွားပြီလား"

"မင်းမှာ ဘီး မရှိဘူးလား"

"ရှိသားပဲ"

"ဘာဖြစ်လို့ ခေါင်းကိုဘီးနဲ့ မဖြီးနိုင်ရတာ လဲ"

"အား.....ခေါင်းဖြီးရမှာ ကြောက်လို့ တမင်ဆံပင်ကိုအတိုထားထာ၊ ဒီမှာကေကို ခင်ဗျားကြီးလို ကော့ပျံနေအောင်သဖို့ အချိန်မပေးနိုင်ဘူးလေ"

"ဟဲ့.....မေသျှား"

ဒေါ်အိုက်ပုက မေသျှားစကားလွန်သွားမည်ကို စိုးရိမ်ဟန်ဖြင့် လှမ်း၍ ဟန့်လိုက်သည်။

"မင်း ခုချိန်ကစပြီး တို့ကို ဘာဆင်ခြေမှ မပေးနဲ့၊ တို့ပြောသလိုလုပ်၊ တို့ထားသလို နေရမယ်၊ ရော့.....ခေါင်းကို ဖြီးလိုက်စမ်း"

သူ့ဘောင်းဘီနောက်အိတ်ထဲမှ ဘီးသေးသေးကလေးကိုထုတ်ယူ၍ ပိုင်ဦးသွင်က မေသျှားကို လှမ်းပေးလိုက်သည်။

မေသျှားသည် ဆတ်ခနဲ လှမ်းယူလိုက်ပြီး သူ့ဆံပင်များကို ဖြီးချလိုက်၏ ။

"တော်..... တို့ ဘီး ပြန်ပေး"

"ရော့....အင့်"

"အဲဒီ ဦးထုပ်မဆောင်းနဲ့၊ ထားခဲ့၊ လာ သွားမယ်"

ရှေ့က လျှောက်သွားသော ပိုင်ဦးသွင် နောက်သို့ မေသျှားသည် မျက်နှာကို မဲ့မဲ့ရွဲ့ရွဲ့လုပ်ရင်း လိုက်သွား၏ ။

ပိုင်ဦးသွင်သည် ကားရှေ့ခန်းတံခါးဘက်ကို မေသျှားအတွက် ဖွင့်ပေးလိုက်သည်။

မေသျှားသည် ကား ထိုင်ခုံပေါ်တွင် သူ့ကိုယ်လုံးကလေးကို ပစ်၍

ထိုင်ချလိုက်သည်။

ပိုင်ဦးသွင်လည်း မေသျှားကို ခပ်စူးစူး တစ်ချက်ကြည့်ပြီး ကားတံခါးကို ပြန်ပိတ်ကာ ကားကို ရှေ့ကပတ်၍ ယာဉ်မောင်းခုံတံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်သည်။

မကြာမီ ကားကလေးသည် ရိပ်ငြိမ်ဦး၏ ဆင်ဝင်အောက်ဆီမှ ဖြည်းညင်းစွာ ထွက်ခွာသွားတော့သည်။

ဒေါ်အိုက်ပု ခများမှာတော့ ရင်တမမဖြင့် ကားကလေးကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့ရှာ၏ ။

*

"တယ်ငြိမ့်ပါလား"

ကားနောက်မှီတွင် ကိုယ်ကလေးကို လျှောချထိုင်ရင်း မေသျှား ပြောလိုက်သည်။

"ဘာငြိမ့်တာလဲ"

"ခင်ဗျားကြီး ကားကလေ"

"မင်းတို့ကို ဘယ်လိုခေါ်တယ်"

"ဘယ်လို ခေါ်ရမလဲ"

မေးခွန်းကို အဖြေမပေးဘဲ သူလေးက မေးခွန်းပြန်ထုတ်သဖြင့် ပိုင်ဦးသွင် အကျပ်ရိုက်သွား၏ ။

"ခင်ဗျားကြီး အသက်ဘယ်နှစ်နှစ်လဲ၊ မေသျှားက

ဆယ့်ခုနှစ်နှစ်ပြည့်ပြီးပြီ”

“တို့က သုံးဆယ့်နှစ်နှစ်”

“ဟ…. ဒါဆို မေသျှားထက် ဆယ့်ငါးနှစ် ကြီးတောင်ကြီးတာပဲ၊ ဒီတော့ ဦးလေးတို့ ခေါ်လိုက်မယ်နော်”

“ဘာကွ”

ပိုင်ဦးသွင် ဒေါဖောင်းသွားပြီး ပြောင်စပ်စပ်မျက်နှာကလေးကို မာတင်းတင်းကြီး ကြည့်လိုက်သည်။

“ဒုက္ခပဲ၊ ဒါဆို ဘယ်လိုခေါ်ရမလဲ”

မေသျှားက ခေါင်းကလေးကို တဖြင်းဖြင်း ကုတ်ရင်း လိုက်ပြောသည်။

“မင်း…တို့ကို ကိုကိုကြီးလို့ ခေါ်”

“ကိုကိုကြီး….ကိုကိုကြီး၊ အင်း….မဆိုးပါဘူး၊ ခေါ်လို့ကောင်းသားပဲ၊ အဟင်း…”

“ဘာရယ်တာလဲ”

“ဩော်….ရုတ်တရက် တစ်ခုစဉ်းစားမိလို့ပါ”

“ဘာကို စဉ်းစားမိတာလဲ ”

“ဒီလောက်ရှုးကောင်းပြီး ပိုက်ဆံကျိကျိတက်ချမ်းသာတဲ့ ခင်ဗျား၊ အဲ….ကိုကိုကြီး ခုအထိ မစွံဘဲ လူပျိုသိုးကြီး ဖြစ်နေရတာ ဘာကြောင့်လဲလို့လေ”

“တို့ မစွံဘူးလို့ မင်းကိုဘယ်သူကပြောသလဲ”

“ခုအထိ ဘက်ပဲ့နေတာကို ကြည့်ပြီးပြောတာလေ”

“တို့ စွံလွန်းလို့တောင် ခက်နေတာ၊ စွံလား မစွံလား မင်းမကြားခင်

မြင်ပါလိမ့်မယ်၊ အဟင်း...ဟင်း၊ မကြာခင် သူတို့ ရိပ်ငြိမ်ဦးကို အလည် လိုက်လာကြတော့မှာပါ”

“ဟင်....ဘယ်သူတွေလဲ”

“တို့ကို သိပ်သဘောကျနေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ သူ့အမေကြီးပေါ့”

“အံ့ပါရဲ့၊ ဒီမိန်းမသားအမိက ယောကျ်ားတစ်ယောက်ရဲ့အိမ်ကို ဒီလောက်ပဲ ငမ်းငမ်းတက်လာလည်ကြမလို့တဲ့လား”

“ဒါပဲနော်...မင်းကို တို့ပြောထားပါရဲ့၊ လှိုင်းတို့လာရင် မင်းကြောင့် ပြဿနာတက်တာမျိုး မဖြစ်ပါစေနဲ့.....

“သူတို့က သိပ်ချမ်းသာပြီး သိပ်အဆင့်အတန်းမြင့်တဲ့ လူတန်းစားတွေ□□

``ဩော်...ငါနဲ့မတူဘူး မတန်ဘူး၊ နံ့သာဆီနဲ့ အီးလိုက္ကွာတယ်လို့များ ပြောချင်နေတာလား မသိဘူး□□

မေသျှား၏ ရင်ထဲတွင် ခိုးလိုးခုလုနှင့် အကျိတ်အခဲကြီး ဖြစ်သွား၏ ။

ထိုစဉ် ... သူတို့ကားနှင့် ပြိုင်၍ မောင်းချလာသော မော်တော်ဆိုင်ကယ် တစ်စီးကို မေသျှားရော ပိုင်ဦးသွင်ပါ တွေ့လိုက်ကြရသည်။

“ဟေး ... ထွန်း၊ ဒါ ... ဘယ်လဲ”

မေသျှားက မော်တော်ဆိုင်ကယ် မောင်းနှင်လာသော ကောင်ငယ်လေးကို ကားပြတင်းမှ ခေါင်းထုတ်၍ စတင် နှုတ်ဆက်လိုက်သည်။

“ဟာ ... မေသျှား၊ ငါလား . ... ဒီနားတင်ပဲ၊ နင်ကော ဟင်”

“ဈေးဘက်”

“ညနေ တွေ့မယ်လေ”

“အေး … အေး၊ ဆက်ဆက် နော်”

မော်တော်ဆိုင်ကယ်ကလေးသည် မေသျှားတို့၏ ကားကလေးကို ဝေါခနဲ ဖြတ်ကျော်သွားတော့၏။

ကောင်ငယ်ကလေးသည် ခပ်ကြွမ်းကြွမ်းပင် မောင်းထွက်သွား၏။

“ဘယ်က ကောင်လဲ”

“ထွန်းကို မေးတာလား”

“ ခုနက ကောင်ကိုလေ”

“ သူ့ နာမည်က ထွန်းထွန်းတဲ့၊ တစ်ဘက်ခြံက ဦးထွန်းပိုက်ရဲ့ သားပေါ့”

“မင်းနဲ့ သိပ်ခင်လား”

“ဟာဘယ့်နှယ် ပြောပါလိမ့်၊ သိပ်ခင်တာပေါ့”

“မင်းမှာ ခင်စရာ မိန်းကလေးအဖော် မရှိဘူးလား ….”

တည်တည်မှုန်မှုန် မျက်နှာကြီးဖြင့် မေသျှားကို တစ်ချက်လှည့်ကြည့်ရင်း ပိုင်ဦးသွင် မေးလိုက်သည်။

“မိန်းကလေးအဖော် တမင်ကို မထားတာ”

“မင်း တို့ကို ဘုပြောနေတာလားဟင် မေသျှား”

“အို … မဟုတ်ပါဘူး အမှန်အတိုင်း ပြောနေတာ၊ မိန်းကလေးအဖော်က ပစိပစပ် များတယ်၊ အတုအပြိုင်လဲ သိပ်ရှိ တယ်၊ ယောကျ်ားလေးတွေမှာ ဒါမျိုး မရှိဘူး၊ ထွန်းဆို ရှင် မေသျှားက ထိုင်ဆိုထိုင် ထဆိုထ၊ သိပ်ချစ်ဖို့ ကောင်းတဲ့ ကောင်”

ပိုင်ဦးသွင်သည် တွန့်ခနဲ ဖြစ်သည်။ ပြီး မေသျှား၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။

မသျှားကတော့ ကားပြတင်းဘက်သို့ မျက်နှာ လှည့်ထားသဖြင့် အကြည့်ကို မြင်လိုက်ဟန်မတူ။

“ဒီကောင် ဘာကောင်ပဲ ဖြစ်ဖြစ် ယောကျ်ားနဲ့ မိန်းမ သဘာဝချင်း တူတာ မဟုတ်ဘူး၊ မင်း ဒီကောင်လေးနဲ့ ထွေးရော ယှက်တင် မဆက်ဆံရဘူး၊ ကြားလား မသျှား”

“ဟာ … ကိုကိုကြီးက လွန်တာပဲ၊ မသျှားရဲ့ လွတ်လပ်မှုကို ဒီအထိ လိုက်ပိတ်ပင်တာတော့ လက်မခံနိုင်ဘူး ဒါပဲ”

မသျှား၏ အသံတွင် ဒေါသ ယှက်နွယ်နေ၏ ။

“တို့ စကားကို မင်း လက်မခံလို့ မရဘူး၊ တို့က မင်းရဲ့ ကောင်းကျိုးကို ကြည့်ရှု ဆုံးမရမယ့် အုပ်ထိန်းသူ ဖြစ်သွားပြီ”

“တို့ရဲ့ အုပ်ထိန်းမှု အောက်မှာ မင်း သဘောဆန္ဒ ရှိရှိ မရှိရှိ ကျိုးနွံစွာ နေရမယ် ဒါပဲ”

မသျှား၏ မျက်နှာပေါ်တွင် မကျေမနပ် ဖြစ်မှုတွေ မထင်းသား ပေါ်လွင်နေသော်လည်း မသျှား နှုတ်မှ ပြန်လှန် ထိုးနှက်မှု စကားလုံးများ ထွက်ပေါ်မလာခဲ့ပေ။

“မင်း အဖေနဲ့ တို့ အဖေဟာ သိပ် ခင်မင်ခဲ့ကြတဲ့ လူတွေ၊ ဒီအကြောင်းတွေကို ထောက်ပြီးတော့ မင်းကို ရိပ်ငြိမ်ဦးမှာ ဆက်ထားဖို့ တို့ ဆုံးဖြတ်လိုက်တာပဲ မသျှား …”

“မင်း ကောင်းစားအောင် ပြုစု ပျိုးထောင်ပေးရမယ့် တာဝန်လဲ တို့မှာ ရှိလာတယ်၊ ဒီတော့ မင်း ကျောင်း ပြန်တက်ရမယ်”

“ဟာ … ဒုက္ခပဲ”

မသျှားက တအား စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းက ဆံပင်များကို

လက်နှစ်ဘက်ဖြင့် ကုတ်ဖွ ပစ်လိုက်သည်။

“ခုကတော့ စကော စက အချိန်ဖြစ်နေလို့ ဒီနှစ် ကုန်တာနဲ့ မင်းကျောင်း ပြန်တက်ရမယ်၊ ဘာဆင်ခြေမှ တို့မကြား ချင်ဘူး”

“မေသျှား နွားတွေ ဘယ်သူကြည့်မှာလဲ”

“မင်း နွားတွေ ရောင်းပစ်ပေါ့ကွ”

“ဟင် ...”

မေသျှားသည် ဆတ်ခနဲ ပိုင်ဦးသွင်၏ မျက်နှာကို ကြည့်လိုက်သည်။

မေသျှား၏ မျက်ဝန်း ကျယ်ကျယ်လှလှ ကလေးအစုံတွင် မျက်ရည်တွေ ရစ်ဝဲလာနေ၏ ။

ပိုင်ဦးသွင်သည် သူကလေးကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး ကားကို အရှိန်မပျက် မောင်းနှင်နေ၏ ။

“နွားတွေတော့ မေသျှား မရောင်းနိုင်ဘူး ကိုကိုကြီး”

“မင်း စရိတ်ကို တို့က ထောက်မှာပဲ၊ မင်း နွားမွေးစရာ မလိုတော့ဘူးလေ”

“စရိတ်ထောက်ထောက် မထောက်ထောက် ရိပ်ငြိမ်ဦးမှာရှိတဲ့ တိရစ္ဆာန်မှန်သမျှကို မေသျှား မခွဲနိုင်ဘူး၊ မရောင်းနိုင်ဘူး....

“သူတို့က မေသျှားရဲ့အဖော်တွေ၊ သူတို့နဲ့ ခွဲပစ်မှာဆိုရင်တော့ မေသျှား ဒီရိပ်ငြိမ်ဦးက ထွက်သွားမယ်၊ ဒါပဲ အဟင့် .. ဟင့် ... ဟီး”

“ဟိုက် ...”

ပိုင်ဦးသွင်သည် လန့်ဖျပ်ပြီး ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်သည်။

“အဟင့် ... ဟင့် .. ဟင့်”

"ဟ … မင်းဘာဖြစ်လို့ ဒီလောက်ငိုနေရတာ လဲ"

"အဟင့် … ဟင့် ငိုမှာပေ့ါလို့၊ အမျိုးမျိုး လူကို လိုက်နှိပ်စက်နေတာကိုး၊ ဒီမှာ မနေတာဘဲ ကောင်းတယ် ဟင့် .. ဟင့်… ဟင့် …"

"ဟော့ ဒါ ဘယ်လိလဲ"

ကားတံခါးကို ဖွင့်၍ ဆင်းသွားဟန် ပြုလိုက်သော မေသျှား၏ ပခုံးကလေး နှစ်ဘက်ကို ပိုင်ဦးသွင်က လှမ်းဆွဲထားလိုက်ရင် မေးလိုက်သည်။

"အဲသလောက် ချုပ် …. ချုပ်ချယ်ရင် မေ…မေသျှား မနေနိုင်ဘူး၊ နွားတွေ မြင်းတွေ ဆိတ်တွေ မခွဲ … ခွဲ …"

"အေး .. အေးပါကွာ၊ မင်း မခွဲနိုင်ဘူး ဆိုရင်လဲ တို့တစ်မျိုး စီစဉ်ပေးမှာပေ့ါ၊ ကဲ …. ကဲ … ကားတံခါး ပြန်ပိတ်လိုက်၊ ကဲပါ ပိတ်လိုက်ပါ"

ပြောပြော ဆိုဆိုပဲ မေသျှား၏ ကိုယ်ကလေးကို ကျော်၍ သူက ကားတံခါးကို ပိတ်ပစ်လိုက်သည်။

"မင်း ဒီတိရစ္ဆာန်တွေအပေါ် သိပ် သံယောဇဉ် ကြီးနေ တယ်ဆိုရင် သူတို့ကိုကြည့်ဖို့ တို့လူငှားတစ်ယောက် ထားပေး မယ်…"

ဒါပေမယ့် … မင်း နောင်နှစ်ကျောင်းဖွင့်ရင် ကျောင်းပြန်တက်ပ့ါမယ် ဆိုတဲ့ ကတိပေးရမယ်၊ ဘယ့်နှယ်လဲ မေသျှား ဟင်"

"ဒါ … ဒါဆိုရတယ်၊ ဟင့် … ဟင့် … ဟင့်"

"ဟ … အပေးအယူ တည်သွားပြီလေ၊ မင်း ဘာလို့ ဆက်ငိုနေတာလဲ၊ တိတ်တော့…"

"မသိဘူး၊ ငိုချင်သေးတာပဲ သိတယ်၊ ဟင့် … ဟင့် …"

"ဟူး …"

ပိုင်ဦးသွင်သည် ဦးခေါင်းကို ယမ်းခါပြီး ကားစက်ကို ပြန်နှိုးလိုက်သည်။

"ကဲ ... တိတ်တော့ကွာ၊ တော်ကြာ ဖြတ်သွားတဲ့ လူတွေ တွေ့သွားရင် တစ်မျိုးတစ်မည် ထင်ကုန်ကြမယ်"

"ကိုယ့်ထမင်း ကိုယ်ရှာစားတာ သူတို့ကို ဘာဂရုစိုက်စရာလိုလို့လဲ ၊ ဟင့် ... ဟင့် ..."

"ဟ ... လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ရတာ မဟုတ်ဘူး၊ ခက်တာပဲ၊ မင်းက ဘာမှ သိဟန်မတူဘူး"

"မသိပါဘူး၊ သိလဲ မသိချင်ပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်တွေ၊ ဟင့် ... သိရသလောက်တော့ ပတ်ဝန်းကျင်ဆိုတာ အတင်းအဖျင်း ပြောတဲ့လူတွေချည်းပဲ ..."

"တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး အတင်းအဖျင်းပြောတဲ့ လူတွေချည်းပဲ၊ ပြိုင်ဆိုင်နေကြတဲ့ လူတွေချည်းပဲ၊ ဒေါ်သိင်္ဂီညွန့်ကြီးဆိုရင် အဆိုးဆုံးပဲ"

"ဘယ်က ဒေါ်သိင်္ဂီညွန့်ကြီးလဲ"

"အရှေ့ခြံကပေါ့၊ လူကို တွေ့လိုက်ရင် စပ်စုလိုက် အတင်းပြောလိုက်နဲ့ ကြည့်လို့ကို မရပါဘူး"

စောစောက ငိုနေသော မျက်နှာတွင် ဒေါသရိပ်တွေ တက်လိုက်ကာ သုန်မှုန်လာ၏ ။

"ခု ကိုကိုကြီး ရောက်လာရင် ဘာပြောဦးမယ် မသိဘူး"

"ဘာပြောစရာ ရှိလို့လဲ"

"သူ့မှာတော့ ရှိတာပေါ့၊ ရိပ်ငြိမ်ဦးကို ခဏခဏလာပြီး ဦးမြသွင်ရဲ့ သားဘယ်တော့ လာနေမလဲ၊ လာမနေရင်လဲ ဈေးတက်လာတုန်း ရိပ်ငြိမ်ဦးကို ရောင်းလိုက်ဖို့ကောင်းတာ"

"ဝယ်ချင်တဲ့ လူတွေ သူ့မှာ ရှိတယ်တဲ့၊ ပြီးတော့ ပြောသေးတယ်၊ ရောင်းပြီးရင် ဟိုက ဒေါ်အိုက်ပုတို့ကို ပစ်ပစ်ခါခါ လုပ်မှာ မဟုတ်ပါဘူးတဲ့၊ ထိုက်သင့်သလောက်တော့ ကြည့်မှာပါတဲ့"

"နေစမ်းပါဦး၊ ဒီမိန်းမကြီးက ဘာဖြစ်လို့ ကိုယ့်အတွင်းရေးကို သိနေတာလဲ"

"ဘယ်သိမလဲ၊ သူပြောတော့ ကိုကိုကြီး ဖေဖေက ဒီခြံကို ဝယ်လိုက်တုန်းက သူ့ကို ပြောသွားတာတဲ့"

"နောက်တစ်ခါ ဒီမိန်းမကြီး လာရင် တို့ ရှင်းမယ်"

"ကောင်းတယ်၊ အပြတ်သာ ရှင်းပစ်၊ သိပ်မုန်းဖို့ ကောင်းတဲ့ မိန်းမကြီး"

သိင်္ဂီညွန့်မည်သော မိန်းမကြီးကို အတော် မုန်းတီးနေဟန် မေသျှား၏ ရုပ်သွင်က ပေါ်လွင်နေ၏ ။

"ကဲ ... ရောက်ပြီ ... ဆင်း"

စတိုးဆိုင်များရှေ့တွင် ကားကို ထိုးရပ်လိုက်ရင်း ပိုင်ဦးသွင်က ပြောလိုက်သည်။

*

ပိုင်ဦးသွင်သည် သူ့ထိုင်ခုံဘေးတွင် ချထားသော ပိုက်ဆံအိတ်ကို ယူပြီး ကားပေါ်က ဆင်းလိုက်သည်။

မေသျှားလည်း သူ ဦးဆောင်သွားရာနောက်သို့ လိုက်ခဲ့သည်။

ပတ်ဝန်းကျင်ရှိ လူများက ယောကျ်ားလေးပုံပေါက်နေသော မေသျှားနှင့် ရှိုးကောင်းလှသော ယောကျ်ားချောချောကို ကြည့်ကာ တွတ်တွတ်ထိုးနေကြ၏ ။

ပိုင်ဦးသွင်သည် ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ပြီး မေသျှား၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်သည်။

မေသျှားသည် မျက်နှာကလေး မော်ကာ ဘယ်သူကိုမှ ဂရုမစိုက်သည့်ပုံဖြင့် လမ်းလျှောက်နေ၏။

"တကယ့် ကောင်မလေးပဲ"

ပိုင်ဦးသွင် စိတ်ထဲက ကျိတ်ပြုံးလိုက်ရင်း စတိုးဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

"ဘာများ အလိုရှိပါသလဲ ရှင်"

ဆိုင်အရောင်စာရေးမကလေးက ဆီး၍ ရည်မွန်စွာ ပြောလိုက်သည်။

"မိန်းကလေးအတွက် သင့်တော်မယ့် အဝတ်အစားလေးငါးစုံလောက် လိုချင်တယ်"

"သူ့ ဖို့လား"

"ဟုတ်တယ်"

"ဘယ်လို အမျိုးအစားထဲကလဲ၊ ဘီဘယ်လ်ဆိုရင်တော့ ခု ဈေးနည်းနည်းတက်နေတယ် အစ်ကိုကြီး"

"ဈေးက အကြောင်းမဟုတ်ပါဘူး၊ သူနဲ့ သင့်တော်မယ့် အဆင်နဲ့ ပုံစံတွေကိုပဲ ရွေးပေးပါ"

"ကောင်းပါပြီရှင့်"

"လာ ... ညီမလေး၊ ဒီ ဘီဘဲလ်တွေက မနေ့ကမှ အသစ်ရောက်လာတာ၊ ဟောဒီမှာ ကြည့်စမ်း ပုံဆန်းကလေးတွေ၊ ရောက် ဒီဆိုက်ဆိုရင် ညီမလေးနဲ့ အတော်ပဲ..."

“ရောက် ... ကပ် ကြည့်၊ လာလော ဒီမှန်ထဲမှာ ကြည့်ပါ၊ ကောင်းတယ်နော်၊ ညီမလေးနဲ့လိုက်တယ်၊ ကာလာအစုံသာ ယူသွားပေတော့”

“တစ်ထည် ဘယ်လောက်လဲ”

“ငါးရာအစိတ်တည်းပါကွယ့်”

“အောင် မယ် လေး ... ငါးရာ့အစိတ် ကြီးများတောင်၊ တော်ပြီ ... တော်ပြီ ၊ ရယ်ဒီမိတ်ရှပ်ပဲ ဝတ်တော့မယ်”

“မင်းကို ရှက်အကျႌတွေ ဘောင်းဘီတွေ မဝတ်စေချင်လို့ မိန်းကလေးအဝတ်စား လိုက်ဝယ်ပေးနေတာ၊ မင်းဝတ်ရ မယ် ...”

“ဒီမှာ ညီမ ... သူ့နဲ့အလိုက်ဆုံး ကာလာစုံငါးထည် အိတ်ထဲထည့်လိုက်၊ ပြီးတော့ အကျႌတွေနဲ့လိုက်တဲ့ လုံချည် ငါးထည် လိုချင်တယ် ...”

“နောက် ... ဟိုမှာ ချိတ်ထားတဲ့ ဘလောက်(စ)တွေထဲကလဲ လေးထည်၊ သူနဲ့လိုက်တဲ့ လုံချည်လေးထည် ရွေးပေးပါ”

“ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့၊ အစ်ကိုကြီး”

ဈေး ရောင်းသော မိန်းကလေး၏ နှုတ်ကလေးသည်ချိုလွင်နေသည်ကဲ့သို့ မျက်နှာကလေးကလည်း ပြုံးရွှင်နေ၏ ။

မေသျှားက မလှုပ်မယှက် လုပ်နေသောကြောင့် မိန်းကလေးသည် သူ့စိတ်ကြိုက်ပဲ အဝတ်အထည်များကို ရွေးထုတ် လိုက်သည်။

“အစ်ကိုကြီးတို့ ခဏထိုင်ကြပါလား၊ ဒီလုံချည်လေးတွေ တစ်ခါတည်း ဝတ်လို့ရအောင် ဘေးဆိုင်မှာ ကျွန်မအပ်ပေး လိုက်မယ်၊ သိပ်မကြာပါဘူးရှင့်”

“သိပ်ကောင်းတာပေါ့၊ အပ်လိုက်ပါ”

မေသျှားက ခေါင်းကုတ်လိုက်၊ ခါး ကုတ်လိုက်နှင့် စိတ်မငြိမ်မသက်

ဖြစ်နေ၏ ။

“အစ်ကိုကြီး … အလှကုန်ပစ္စည်း အမျိုးမျိုးလဲ ကျွန်မတို့ဆိုင်မှာ ရှိပါတယ်၊ ကြည့်ပါဦးလားရှင့်၊ ယူအက်(စ်)မိတ် အကောင်းစားတွေလဲ ရနိုင်ပါတယ်”

“ကြည့်လေ … မသျှား”

“ဟွန့် … ဝါသနာမပါပါဘူး”

“အို … ညီမလေး ကလ စမ်းသုံးကြည့်စမ်းပါ၊ နောက်တော့ ကောင်းမှန်းသိလို့ မမတို့ ဆိုင်ချည်းပဲ ရောက်လာနေမှာ နော်”

အာ … စိတ်ချ၊ ဒီကစိတ် ဒီကကိုယ်နဲ့တော့ ဘယ်တော့မှ မလာဘူး၊ မမျှော်လင့်နဲ့”

ဆိုင်ရှင်မိန်းကလေး ကွက်ခနဲမျက်နှာ ပျက်သွား၏ ။

“မသျှား မမက အကောင်းပြောတာ၊ စကားကို ကောင်းကောင်းပြန်ပြောရတယ်၊ ရော့ …. ဒီ အီဗွန်ကိုယ်လိမ်း ပေါင်ဒါနဲ့ ဒီရေမွှေးတစ်ပုလင်း ယူလိုက်”

“ကျေးဇူးတင်ပါတယ် အစ်ကိုကြီး”

အမျိုးသမီး ကလေးက စက္ကူအိတ်ထဲသို့ ပေါင်ဒါနှင့် ရေမွှေးပုလင်းကိုထည့်ပေးလိုက်သည်။

“ကျွန်မ စာရင်း တွက်လိုက်ရတော့မလား”

“တွက်လိုက်ပါဗျာ”

အမျိုးသမီးကလေးသည် ဂဏန်းပေါင်းစက် ကလေးကို ယူပြီး စာရင်းများ ပြုစုလိုက်သည်။

ပိုင်ဦးသွင် အိတ်ထဲမှ ငွေလေးထောင်ကျော် ပက်ခနဲ ကုန်သွား၏ ။

မေသျှား၏ ရင်ထဲတွင် နှမြောလွန်း၍ ဆွေ့ဆွေ့ခုန်နေသည်။

"ကဲ ... မေသျှား တစ်ခုခု အအေးသောက်ရင်း အဝတ်အစားတွေ ချုပ်တာ စောင့်ကြတာပေါ့ ... လာ"

မေသျှား တစ်ယောက် သူခေါ်ရာနောက်သို့ လိုက်ခဲ့ရပြန်သည်။

"ကဲ .. ဘာသောက်မလဲ၊ မေသျှား မှာလေ"

အအေးဆိုင်တွင် ထိုင်ပြီးသည့်အခါ ပိုင်ဦးသွင်က ပြောလိုက်သည်။

"စတော်ဘယ်ရီ ရှိတ်"

"အေး ... ကောင်းတယ်၊ တို့လဲ သောက်မယ်၊ တူး စတော်ဘယ်ရီရှိတ်"

ပိုင်ဦးသွင်က လက်နှစ်ချောင်း ထောင်ပြ၍ စားပွဲထိုးကလေးကို မှာလိုက်သည်။

"တူး စတော်ဘယ်ရီ ရှိတ်"

ကောင်ကလေးသည် ကောင်တာဆီသို့ လှမ်းအော်ပြီး လျှောက်သွား၏ ။

မကြာမီ ဖန်ခွက်လှလှ ရှည်ရှည်ကြီး နှစ်ခွက်တွင် ပိုက်စိုက်ထားသော စတော်ဘယ်ရီရှိတ်နှစ်ခွက် သူတို့ရှေ့မှောက် သို့ ရောက်ရှိလာ၏

ပိုင်ဦးသွင်က ဟန်ပန်ဖြင့် ပိုက်ကလေးနှင့် ဖန်ခွက်ထဲ ရစ်ဝိုင်း၍ မွှေနေစဉ် မေသျှားကတော့ ဆိုးဆိုးဆတ်ဆတ် ဖန်ခွက်ကို ကောက်ယူ၍ တစ်ရှိန်ထိုး သောက်ချပစ်လိုက်၏ ။

ပိုင်ဦးသွင်သည် မေသျှားကိုကြည့်ပြီး ခေါင်းတယမ်းယမ်း လှုပ်နေ၏ ။

အအေးဆိုင်ထဲတွင် လူတွေကလည်း အပြည့်။

လူတော သူတောထဲ ဆိုဆုံးမ၍ ကလည်း မဖြစ်။

သည်တော့ ခေါင်းယမ်းနေရုံသာ ရှိတော့၏ ။

မသျှားဘက်က ကြည့်တော့ ....

မသျှားသည် ဟန်တွေ ပန်တွေ ရှူးတွေမိုးတွေ မသိ၊ နားလည်း မလည်၊ လုပ်လည်း မလုပ်တတ်။

စားလဲ ကြမ်းကြမ်း ....

သွားလဲ ကြမ်းကြမ်း ....

လုပ်လဲ ကြမ်းကြမ်းထဲက ....။

"ဒီစတောဘယ်ရီရှိတ်ကလေး တစ်ခွက် သောက်တာများ ကြာလိုက်တာ၊ အချိန်က သူ့လောက် အချိန်ဆွဲ သောက်တာဆိုရှင့် ငါ့ဗိုက်ထဲ အသာလေး ငါးခွက်လောက် ဝင်သွားပြီ"

မသျှားသည် ပိုင်ဦးသွင်ကို ကြည့်ကာကျိတ်၍ မကျေမနပ်ကြီး ဖြစ်နေမိ၏ ။

ကြာကြာ ထိုင်ရတာ ကိုလည်း ပျင်းလာသဖြင့် ထိုင်ခုံတွင် တလှုပ်လှုပ်တရွရွ လုပ်လာသည်။

ကြာလျှင် မဖြစ်တော့မှန်း သိသဖြင့် ပိုင်ဦးသွင်လည်း ထိုင်ရာမှ ထလိုက်ရတော့သည်။

"ကဲ ... ကားထဲမှာပဲ ထိုင်စောင့် မသျှား"

မသျှားသည် ကားဆီသို့ လှစ်ခနဲ ထပြေးသွားတော့သည်။

အအေးဆိုင်ထဲက ထိုထိုသော မျက်လုံးများသည် မသျှားနောက်သို့ လိုက်ပါသွားကြသည်။

"ဟူး ... ဘယ်နေရာမှ ထောင့်မကျိုးဘူး၊ အချိုးလဲ မကျဘူး၊

တယ်ခက်တဲ့ ကောင်မလေးပဲ ...

“ဟူး ... ခေါင်းရှင်းရအောင် အနားယူရအောင် မေမြို့ကို တက်လာပါတယ်၊ ခုတော့ ဗြဟ္မာမင်းကြီး ဦးခေါင်းနဲ့ တွေ့နေရပြီ၊ ငါတော့ဦးနှောက်ပဲ”

ပိုင်ဦးသွင်သည် စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ သောက်ရင်း ကားဆီသို့ ဖြည်းညင်းစွာ ပြန်လျှောက်လာ၏။

မေသျှားသည် ကားခေါင်းတွင် ချိတ်ဆွဲထားသော ပင်ဒါရုပ် အမွေးပွပွလေးကို လက်ညှိုးကလေးဖြင့် လှုပ်ရှား၍ ဆော့ကစားနေ၏။

ပိုင်ဦးသွင်ကလည်း သူ့ဘက်က ကားတံခါးကို ဖွင့်၍ ကားထဲ ဝင်ထိုင်လိုက်သည်။

“ကြာလိုက်တာ ပျင်းလာပြီ”

“လုံချည်ရှစ်ထည် ချုပ်ရတာ ဒီလောက်တော့ အချိန်ကြာမှာပေါ့၊ မင်း အအေးသောက်တာကလဲ နောက်က ကျားလိုက်နေတာ ကျနေတာပဲ”

“ဟန်တွေ ပန်တွေ မေသျှား မလုပ်တတ်ဘူး ကိုကိုကြီး၊ စားစရာရှိ စားပစ်လိုက်တာပဲ၊ သောက်စရာရှိရင်လဲ သောက်ပစ်လိုက်တာပဲ ....

“ပါးစပ်ထဲ ထည့်ရမည့်ဟာ မြန်မြန် ထည့်လဲ ဒါပဲ၊ ဖြည်းဖြည်းထည့်လဲ ဒါပဲ”

“မင်း တယ်ခက်ပါလား၊ မင်းက မိန်းကလေး၊ မိန်းကလေးဆိုတာ နေထိုင် စားသောက် ဝတ်စားဆင်ယင်မှု မှန်သမျှ ဣန္ဒြေရှိရတယ်ကွ၊ ခုတော့ မဟုတ်ပါဘူး”

“ဒုက္ခပဲ .... ကိုယ့်အတွက် အသက်ရှင်ရမှာလား၊ သူများအတွက် အသက်ရှင်ရမှာလား၊ ကိုယ်ပိုင် လွတ်လပ်မှုဆိုတာ မရှိရတော့ဘူးလား ဟင်

ကိုကိုကြီး”

နှုတ်ခမ်းစူစူကလေးဖြင့် ကလေးဆိုးကြီးလို ပိုင်ဦးသွင်ကို ကြည့်၍ မေသျှားက မေးလာသည်။

“မိန်းကလေးဆိုတာ ယဉ်ကျေးသိမ်မွေ့ရတယ် မေသျှား၊ မင်းကိုယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေး တစ်ယောက် အဖြစ် တို့မြင်ချင်တယ် ...

“ခုနက ကြည့်စမ်း၊ မင်း အအေးဆိုင်ထဲက ပြေးထွက်သွားတာ၊ ဒါမိန်းကလေး လုပ်ရမယ့် အပြုအမူမျိုးမှ မဟုတ်တာပဲ ...

“တို့ ပြောဆိုဆုံးမနေတာတွေ မှန်သမျှ မင်း ကောင်းဖို့ ချည်းဆိုတာ မင်း ခေါင်းထဲမှာ မြဲမြဲမှတ်ထားလိုက်စမ်းပါ မေသျှား”

မေသျှားသည် လက်ချောင်းကလေးများကို ပွတ်ခြေရင်း ခေါင်းငုံ့ထားနေ၏ ။

“အစ်ကိုကြီးရေ ... ဟောဒီမှာ အားလုံး အဆင်သင့်ပဲ၊ နောင်လဲ ကျွန်မတို့ ဆိုင်ကို အားပေးပါနော်”

“စိတ်ချ ... လာခဲ့မယ်”

အမျိုးသမီးကလေးက ကားနောက်ခန်းထဲသို့ ပစ္စည်းများ ထည့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ပိုင်ဦးသွင်သည် ကားစက်ကို နှိုးလိုက်သည်။

“မေသျှား ... တခြားမြို့ထဲမှာ ဘာလိုချင်တာ ရှိသေးသလဲ”

“ဘာမှ မရှိဘူး”

“ဒါဆိုလဲ ပြန်ကြတာပေါ့”

ရိပ်ငြိမ်ဦး ဆီသို့ ကားကလေးက တငြိမ့်ငြိမ့် ဦးတည်ပြေးနေတော့သည်။

*